ချင်းအမျိုးသားတပ်ဦး၏ ရည်မှန်းချက်ပန်းတိုင်

– အမျိုးသားပြည်နယ်များကို အခြေခံသည့် တန်းတူမှုရှိသော ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရန်၊
– ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် ပြန်လည်ရရှိရန်၊
– ဒီမိုကရေစီစနစ် ထူထောင်ရန်။

# ပါတီရေးရာစာစောင်



အတွဲ၊ ၁ အမှတ် ၁။ မေလ၊ ၂၀၁၂–ခုနှစ်





DEPARTMENT OF TRADE AND COMMERCE
CHIN NATIONAL FRONT
CHIN LAND





စစ်သင်တန်းများ ... (စာ–၃)  ပန်းဘုရင်မဘဝမှ – (စာ–၉)  စီးပွါးရေးရုံး –– စာ–၄  အလုပ်ရုံဆွေးနွေး .... စာ (၄)  ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ... စာ–၂

## ပါတီအာဘော်

ချင်းအမျိုးသားတပ်ဦးသည် ချင်းအမျိုးသားတို့၏ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ပြန်လည်ရရှိရေး၊ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေးဒီမိုကရေစီစနစ်ထွန်းကားရေးအတွက် ပြည်သူ့တော်လှန်ရေးကိုကိုင်စွဲကာ လက်နက်ကိုင် တိုက်ပွဲဝင်လာခဲ့သည်။ တနည်းပြောရလျှင် ချင်းအမျိုးသားတို့၏ အမျိုးသား အင်္ဂါရပ်များ မပပျောက်ရေးနှင့် လူမျိုးတမျိုးအဖြစ် ရပ်တည်နိုင်ရေးအတွက် အမျိုးသားခုခံစစ်ပွဲကို ဆင်နွှဲလာခဲ့သည်။

၁၉၆၂–ခုနှစ် စစ်တပ်မှ အချုပ်အခြာအာဏာအရပ်ရပ် ရယူထိန်းသိမ်းပြီးသည့်အချိန်မှစ၍ ယနေ့အထိ စစ်တပ် ၏ အုပ်ချုပ်မှုအောက်တွင် ချင်းအမျိုးသားများအပါအဝင် မြန်မာနိုင်ငံရှိတိုင်းရင်းသားလုပ်သားပြည်သူများ ဖိနှိပ်မှုမျိုးစုံ ခံစားလျက်ရှိနေကြပေသည်။ ၂၀၀၈–ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအား စစ်အစိုးရမှမိမိတို့စိတ်ကြိုက် ရွေးချယ်ထားသောကိုယ်စားလှယ်များနှင့်အတူ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဦးတည်ရမည့်အချက်များနှင့် အခြေခံရမည့်မူများကို ကြိုတင်ချမှတ်ကာ ၁၅ နှစ်လုံးလုံး စစ်တပ်နှင့် လူများစုလူမျိုးတမျိုးက ပြည် ထောင်စုအား လွှမ်းမိုးအုပ်ချုပ်နိုင်ရေးအတွက် အကွက်ချစီမံရေးသားခဲ့ပေသည်။ ထိုစဉ်က အပစ်အခတ်ရပ်စဲထားသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် ပြည်ထောင်စု စစ်စစ်တည်ဆောက်ရေး အခြေခံမူများကို အမျိုးသားညီလာခံသို့ အကြိမ်ကြိမ် တင်သွင်းခဲ့ကြသော်လည်း စစ်အစိုးရမှလက်မခံခဲ့ပေ။ ထို့ကြောင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအများစုအနေဖြင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေအား ယနေ့ အထိလက်မခံခဲ့ပေ။ ပြည်တွင်းတိုင်းရင်းသားနိုင်ငံရေးပါတီများကလည်း ပါတီနိုင်ငံရေးတွင်ဝင်ရောက်၍ လွှတ် တော်အတွင်း မှ ပြုပြင်ပြောင်းလဲရန် ကြိုးပမ်းနေကြသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အပါအဝင် ပြည်တွင်းပြည်ပ နိုင်ငံရေးပါတီများကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲရေးအား ရှေ့လုပ်ငန်းစဉ်တရပ်အနေဖြင့် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ၂၀၁၀ ရွေးကောက်ပွဲအရအနိုင်ရပါတီဖြင့် ဖွဲ့စည်းထားသော မြန်မာနိုင်ငံအစိုးရနှင့် အပစ်အခတ်ရပ်စဲရေးများ ပြုလုပ်ကာနိုင်ငံရေး ဆွေးနွေးပွဲများမှတဆင့် “တမျိုးသားလုံးဆိုင်ရာသဘောတူညီချက်” (National Accord) တရပ် ရယူကာ ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြုပြင်ရန်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြ သည်။ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) နှင့် မြန်မာစစ်တပ်မှ မည်သည့် အတိုင်းအတာအထိ ပြုပြင်ပြောင်းလဲမှု လက်ခံမည်ကိုမသိရသော်လည်း မြန်မာနိုင်ငံ အတွင်းထာဝရတည်တံ့သည့် ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေးအတွက်တိုင်းရင်းသား ပြည်သူတရပ်လုံးကလို လားနေကြသည့် “တမျိုးသားလုံးဆိုင်ရာသဘောတူညီချက်” အတိုင်းပြုပြင် ပြောင်းလဲခြင်းမှတပါး တခြားရွေးချယ်စရာ နည်းလမ်းမရှိဟုယုံကြည်ယူဆသည်။

ထို့ကြောင့် ချင်းအမျိုးသားတပ်ဦးအနေဖြင့် ၂၀၁၂ခုနှစ် ဇန်နဝါရီလ (၆) ရက်နေ့နှင့် မေလ (၇) ရက်နေ့များတွင် ပြည်နယ်အစိုးရ၊ ပြည် ထောင်စုမြန်မာနိုင်ငံအစိုးရတို့နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များလက်မှတ် ရေးထိုးခဲ့ခြင်းသည်ဖွဲ့စည်းပုံအခြေခံဥပဒေ အားပြုပြင်ပြောင်းလဲရေးနှင့်တိုင်းရင်းသား ပြည်သူလူထု တရပ်လုံးအား ဆင်းရဲမွဲတေမှုမှ ဖွံ့ဖြိုးတိုးတက်သောလူ့ဘောင်အဖွဲ့ အစည်းသို့ တည်ဆောက်လိုခြင်းကြောင့်ဖြစ်သည်။ ယင်း သဘောတူညီချက်၏ အဓိကအကျဆုံးမှာ လာမည့်နိုင်ငံရေးဆွေးနွေးပွဲတွင် ဒို့တာဝန်အရေးသုံးပါးအပြင် ဒီမိုကရေစီ ရှင်သန်ထွန်းကားရေး၊ ပြည်ထောင်စုအရေး၊ တိုင်းရင်းသားလူမျိုးများအရေးတို့အား ဆွေးနွေးကြမည်ဖြစ်ပြီး ပင်လုံစိတ်ဓါတ်ကို အခြေခံသော တန်းတူညီမျှမှုနှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးပြဌာန်းခွင့်တို့ကို အခြေခံသည့် ပြည်ထောင်စုစစ်စစ်တည်ဆောက်နိုင်ရေးတို့ပင်ဖြစ်သည်။

ချင်းအမျိုးသားတပ်ဦးအနေဖြင့် ချင်းအမျိုးသားတပ်ဦး၏မူဝါဒပေါ်လီစီများ၊ လုပ်ငန်းလမ်းစဉ်များ နှင့် မြန်မာ့ နိုင်ငံရေးဖြစ်ပေါ်တိုး တက်ပြောင်းလဲမှု များနှင့်အညီ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများအား ချင်း အမျိုးသားများ၊ ချင်းပြည်သူများ အပါအဝင်တိုင်းရင်းသား လုပ်သားပြည်သူ တရပ်လုံးထံသို့ အသိပေးမှုများ ပြုလုပ် သွားမည်ဖြစ်သည်။



# ချင်းအမျိုးသားတပ်ဦးနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေးလုပ်ငန်းစဉ်

၁၉၈၈–ခုနှစ်၊မတ်လတွင် ချင်းအမျိုးသားတပ်ဦးသည် ချင်းအမျိုးသားတို့ ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့် ပြန်လည်ရရှိရေး၊ ဖက်ဒရယ် ပြည်ထောင်စု တည်ထောင်ရေးနှင့် ဒီမိုကရေစီစနစ်ထွန်းကားရေးတို့အတွက် စတင်တိုက် ပွဲဝင်လာခဲ့သည်။ ၁၉၉၃–ခုနှစ်၊ဇွန်လ တွင်ကျင်းပပြုလုပ်သည့် ပထမအကြိမ်ပါတီညီလာခံ ဆုံးဖြတ်ချက်အရ ချင်းအမျိုးသားတပ်ဦး၏ ရည်မှန်းချက်ပန်းတိုင် ရောက်ရှိရေး အတွက် နိုင်ငံရေးအရ ငြိမ်းချမ်းစွာတွေ့ဆုံ ဆွေးနွေးရေးလမ်းစဉ်ကို စတင် ချမှတ်ခဲ့ကြသည်။ ၁၉၉၄–ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးမှုတည် ဆောက်ရေးအဖွဲ့ (နဝတ) စစ်အစိုးရသည် တပ်ဦးနှင့်အပစ်အခတ်ရပ်စဲရေး အတွက် ဆွေးနွေး မှုများပြုလုပ်ရန် ဓမ္မဆရာများ မှတဆင့်ကမ်းလှမ်းမှု ပြုလုပ်လာခဲ့သည်။ ချင်းငြိမ်းချမ်းရေးအကျိုးတော်ဆောင်များမှတဆင့် ၁၉၉၆–ခုနှစ်၊ ၁၉၉၇–ခုနှစ်များတွင်၊ နိုင်ငံ တော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(နအဖ) စစ်အစိုးရ နှင့် ၂၀၀၀–ခုနှစ်၊ ၂၀၀၃–ခုနှစ်၊ ၂၀၀၇–ခုနှစ်များတွင် တွေ့ဆုံဆွေးနွေး ရေးပြုလုပ်ရန်အကြိမ်ကြိမ်ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း “ လက်နက်နှင့်ငြိမ်း ချမ်းရေးလဲ့လှယ်မည်”ဆိုသည့် ကြိုတင်ကန့်သတ် ဘောင်ခတ်ထားမှုကြောင့် တွေ့ဆုံဆွေးနွေးမှု မပြုလုပ်နိုင်ခဲ့ပေ။

၂၀၀၇–ခုနှစ်၊ မတ်လ (၁၅–၁၆) ၇က်နေ့များတွင် ချင်းအမျိုးသားတပ်ဦး ကိုယ်စားလှယ်များနှင့် စစ်အစိုးရကိုယ်စားလှယ်များ ချင်းပြည်နယ်၊ ရိစခန်းတွင် ငြိမ်းချမ်းရေးဆွေးနွေးမှုပြုလုပ်ခဲ့သော်လည်း သဘောတူညီချက် တစုံတရာမရရှိနိုင်ခဲ့ကြပေ။ ၂၀၁၁–ခုနှစ်၊ ဩဂုတ်လ (၁၈) ရက်နေ့တွင် မြန်မာအစိုးရမှ ကြေညာချက်အမှတ် ၁/၂၀၁၁ထုတ်ပြန်ကာ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် ပဏာမတွေ့ ဆုံဆွေးနွေးရေးကိုပြည်နယ် အလိုက်ပြုလုပ်ရန် ကမ်းလှမ်းမှုပြုလုပ်လာသည်။ ထို့ကြောင့် ၂၀၁၁–ခုနှစ်၊ နိုဝင်ဘာလ (၁၉)ရက်နေ့တွင် မြန်မာအစိုးရကိုယ်စားလှယ်များနှင့် ချင်းအမျိုးသားတပ်ဦးကိုယ်စားလှယ်များ ထိုင်း–မြန်မာ နယ်စပ်တွင် အလွတ်သဘောဆွေးနွေးမှုပြုလုပ်ခဲ့ကြသည်။ ထိုမှတဆင့် ၂၀၁၂–ခုနှစ်၊ ဇန်နဝါရီလ(၆)ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံ အစိုးရ၊ ပြည်နယ်အဆင့်တွေ့ ဆုံဆွေးနွေးရေးအဖွဲ့နှင့်ချင်းအမျိုးသားတပ်ဦး၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ တို့အကြား အချက်(၉) ချက်ပါ သဘောတူညီချက် ကိုလက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။ ၂၀၁၂–ခုနှစ်၊ မေလ (၇)ရက်နေ့တွင် ပထမအကြိမ်ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် ချင်းအမျိုးသားတပ်ဦး၊ ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့တို့အကြား အချက်(၁၅)ချက်ပါ သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။ ချင်းအမျိုးသားတပ်ဦးအနေဖြင့် ပြည်သူများ၏ နေ့တဓူဝခံစား နေကြရသော အစားဆင်းရဲခြင်း၊အဝတ်ဆင်းရဲခြင်းနှင့် အနေဆင်းရဲခြင်းများကို အတတ်နိုင်ဆုံး ကူညီဖြေရှင်းပေးရန် ကြိုးပမ်းဆောင်ရွက်နေ သကဲ့သို့ မြန်မာနိုင်ငံ၏ အဓိကပြဿနာဖြစ်သည့် နိုင်ငံရေးပြဿနာများဖြေရှင်းနိုင်ရေးအတွက် ပြင်ဆင်မှု များလည်း ပြည်သူလူထု တရပ်လုံးနှင့် အတူ ပြုလုပ်လျက်ရှိပေသည်။

ချင်းအမျိုးသားတပ်ဦးနှင့်မြန်မာနိုင်ငံအစိုးရတို့အကြား ပဏာမသဘောတူညီချက်များကို အကျဉ်းချုံးဖော်ပြရမည်ဆိုလျှင်– ပဏာမအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရေးထိုးပြီးသည်နှင့်တပြိုင်နက် နှစ်ဦးနှစ်ဖက်မှရန်လိုတိုက်ခိုက်မှုများရပ်စဲရန်၊ ဆက်ဆံရေးရုံးများဖွင့်လှစ်ရန်၊ လက်နက်ကိုင်ဆောင်ခြင်းမရှိ၊ အရပ်ဝတ်ဝတ်ဆင်ထားသည့် ချင်းအမျိုးသားတပ်ဦးနှင့် တပ်မတော်သားများသည် လွပ်လပ်စွာဖြင့် ခရီးသွားလာခွင့်ရှိရန်၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးရာတွင် ဒို့တာဝန်အရေးသုံးပါးအပြင် ဒီမိုကရေစီ ရှင်သန်ထွန်းကားရေး၊ ပြည်ထောင်စုအရေး၊ တိုင်းရင်းသားများအရေး စသည်ဖြင့် အခြေခံ (၆)ခု ဆွေးနွေးမည်။ ထိုသို့ဆွေးနွေးရာတွင် ပင်လုံစိတ်ဓါတ်ကို အခြေခံသော တန်းတူညီမျှမှုနှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးပြဋ္ဌာန်းခွင့်တို့ကို အခြေခံသည့်ပြည်ထောင်စု စစ်စစ်တည်ဆောက်နိုင်ရေးတို့ပါရှိမည်ဖြစ်သည်။ နိုင်ငံတကာမှ အစိုးရမဟုတ် သည့်ပရဟိတအဖွဲ့ **NGOs** များကို ချင်းပြည်နယ်နှင့်ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း ပရဟိတလုပ်ငန်းများအား တည်ဆဲဥပဒေနှင့်အညီ လွတ်လပ် စွာလုပ်ကိုင် ခွင့်ပြုရန်၊ ချင်းပြည်နယ်အား ဆင်းရဲမွဲတေမှုများမှ ကယ်ဆယ်နိုင်ရန် အထူးစီးပွားရေးဇုံ Special Economic Zone များဖွင့်လှစ်ကာ ခေတ်မှီတိုးတက်သည့် ပြည်နယ်တခုအဖြစ်ပြုလုပ်ရန်၊ ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချင်းအမျိုး သားတပ်ဦးနှင့် ချင်းပြည်နယ်အစိုးရတို့ အပြန်အလှန် အကြံပေးခြင်း၊ ပူးတွဲလုပ်ဆောင်ခြင်း၊ ညှိနှိုင်းလုပ်ဆောင်ခြင်းများပူးတွဲလုပ်ဆောင်ရန်၊ ချင်းပြည်နယ်အတွင်းရှိ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာ ကွယ်ရေးအတွက် နိုင်ငံတကာနှင့်ပြည်တွင်း ပရဟိတအဖွဲ့များ အနေဖြင့် ချင်းပြည်နယ် အတွင်း ပရဟိတလုပ်ငန်းများ လုပ်ဆောင်ရန် လူ့စွမ်းအားအရင်းအမြစ်နှင့် စွမ်းဆောင်မှုမြှင့်တင်ရေးလုပ်ငန်းများ လုပ်ဆောင်နေသည့် ပြည်တွင်း ပြည်ပရှိ အဖွဲ့အစည်းများသည် ချင်းပြည်နယ်နှင့် ချင်းလူထုအကြားတွင် လွပ်လပ်စွာ လုပ်ဆောင်ခွင့်ပြုရန်များပါဝင်သည်။ နိုင်ငံခြားသားခံယူထားသည့် ချင်းအမျိုးသားများသည်

ပြည်ထောင်စုမြန်မာနိုင်ငံသို့ အလည်အပတ်ခရီး လာရောက်လိုပါက ၄င်းတို့ အတွက်လိုအပ်သည့် ပြည်ဝင်ခွင့် အထူးဗီဇာကိုထုတ်ပေးရေး၊ ချင်းအမျိုးသားနေ့နှင့် ချင်းပြည်နယ်နေ့ သတ်မှတ်ရေး၊ ချင်းအမျိုးသား တပ်ဦးအနေဖြင့် နိုင်ငံသားစိစစ်ရေး ကဒ်ပြား လျှောက်ထားပါက လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဦးစီးဌာနမှ ထုတ်ပေးရန်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဘာသာရေးဆိုင်ရာ လုပ်ဆောင်မှုများတွင် ဝင်ရောက် စွက်ဖက်ခြင်း၊ တားမြစ်ချုပ်ချယ်ခြင်း၊ ဟန့်တားခြင်း၊ မျက်နှာသာပေးခြင်း၊ အကြမ်းဖက်ခြင်း စသည့် အခြေခံဥပဒေနှင့် ဆန့်ကျင်သောလုပ်ရပ်များ လုံးဝမရှိရန် နှစ်ဦး နှစ်ဖက်မှ ပူးတွဲလုပ်ဆောင်ရန်၊ "နိုင်ငံသားနှင့်နိုင်ငံသားများ၏ မူလအခွင့်အရေးများ" အား ကျူးလွန်သူ မည်သူမဆို တရားဥပဒေနှင့်အညီ ထိုက်တန်စွာအရေးယူ အပြစ်ပေးရန်နှင့် နောက်နောင်တွင် အလားတူ အခြေခံလူ့အခွင့်အရေးများ ကျူးလွန်ခြင်းမရှိစေရေး နှစ်ဦးနှစ်ဖက်မှ ပူးတွဲကြိုးပမ်း လက်တွဲ လုပ်ဆောင် သွားရန်နှင့်၊ အပစ်အခတ်ရပ်စဲထားသည့် ကာလအတွင်း နှစ်ဦးနှစ်ဖက်မှ အတင်းအဓမ္မစေခိုင်းခြင်း၊ ကျေးကျွန်ပြုခြင်း၊ လူကုန်ကူးခြင်းစသည့် အခြေခံဥပဒေ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်သည့် လုပ်ရပ်များကို ချင်းပြည်နယ်အတွင်း နှစ်ဦးနှစ်ဖက်မှ ကျူးလွန်ခြင်းမပြုရန်၊ ဤသဘောတူထား သည့် အချက်များကို လက်မှတ်ရေး ထိုးထားသူများက လိုက်နာ ခြင်းရှိမရှိကို ကြားနေစောင့်ကြည့်လေ့လာမည့် "အပစ်အခတ်ရပ်စဲခြင်း လေးစားလိုက်နာမှု စောင့်ကြည့်ရေးအဖွဲ့" ကို ဥပဒေ ပညာရှင်များအား ပါဝင်စေလျက် ချင်းငြိမ်းချမ်းရေး အကျိုးတော်ဆောင် အဖွဲ့အား အခြေပြုပြီး နှစ်ဦးနှစ်ဖက် ညှိနှိုင်းဖွဲ့စည်းသွားရန်၊ လိုအပ်လျှင်လွတ်လပ်ပြီး ဘက်လိုက်မှုကင်းသည့် နိုင်ငံတကာလေ့လာစောင့်ကြည့်ရေးအဖွဲ့ကို ဖွဲ့စည်းပြီးလိုအပ်သည့် လုပ်ပိုင်ခွင့်များပေးအပ်ရန် သဘောတူသည်။ ပထမအကြိမ် ပြည်နယ် အဆင့် တွေ့ဆုံဆွေးနွေးသဘောတူညီချက် အချက် (၉) ချက်ရရှိပြီး၊ ပြည်ထောင်စု အဆင့်ဆွေးနွေးမှုတွင် သဘောတူညီချက် (၁၅)ချက်ရရှိနိုင်ခြင်းသည်၊ တိုးတက်မှုတရပ်ဖြစ်သည်ဟု ချင်းအမျိုးသားတပ်ဦး အနေဖြင့် ယူဆသည်။ ထို့အပြင် သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့်အစိုးရအနေဖြင့် "ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ"အား ဖွဲ့စည်းခြင်းကို ကြိုဆိုသည့်အပြင်၊ ဤကော်မတီတွင် ပြည်ထောင်စုအဆင့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားရေး ဌါနများ၊ မြန်မာ့တပ်မတော်၊ တိုင်းဒေသကြီး နှင့်ပြည်နယ်ဝန်ကြီးချုပ်များပါလာသဖြင့်၊ လက်ရှိအစိုးရ၏ ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းသည် တဖြည်းဖြည်းတိုးတက် နေသည်ဟု ယူဆရသည်။ သို့ရာတွင် ထာဝရတည်တံ့သည့် ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေးသည် ချင်းအမျိုးသားတပ်ဦး၊ ချင်းပြည်သူပြည်သားအားလုံး၊ ပြည်ထောင်စုအစိုးရနှင့် ချင်းပြည်နယ် အစိုးရတို့အပေါ်တွင် မူတည်သဖြင့် သက်ဆိုင်ရာအားလုံးမှ တက်တက်ကြွကြွကျရာတာဝန် ထမ်းဆောင်ကြပါရန် လိုအပ်သည်။

**"ချင်းအမျိုးသားတပ်ဦး၏ ရည်မှန်းချက်ပန်းတိုင် ရောက်ရှိရေးအတွက် နိုင်ငံရေးအရ ငြိမ်းချမ်းစွာတွေ့ဆုံ ဆွေးနွေးရေးလမ်းစဉ်ကို ကျင့်သုံးသည်"**

သင့်ကို ချင်းလဲန်းမှ အလိုရှိသည်

## စစ်ရေးမဟာမိတ် အဖွဲ့ဝင်များပြန်လည် တွေ့ဆုံ

စစ်ရေးမဟာမိတ်အဖွဲ့ဝင်များဖြစ်ကြသော ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ **(RCSS)**၊ ကရင်အမျိုးသားအစည်းအရုံး **(KNU)**နှင့် ချင်းအမျိုးသားတပ်ဦး **(CNF)** တို့သည် ၂၀၁၂–ခုနှစ်၊ မေလ (၄) ရက်နေ့တွင် ထိုင်း–မြန်မာနယ်စပ်တနေရာတွင်အလွတ်သဘောတွေ့ဆုံခဲ့ကြပြီး မြန်မာအစိုးရနှင့်ပဏာမအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ၊ ငြိမ်းချမ်းရေးဆွေးနွေးရေး လုပ်ငန်းစဉ်များအား ရင်းနှီးပွင့်လင်းစွာ ဝေဖန်သုံးသပ်မှု များပြုလုပ်ခဲ့ကြသည်။ စစ်ရေးမဟာမိတ်အဖွဲ့ဝင်များအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ထာဝရတည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးပေါ်ထွန်းလာနိုင်ရေးအလို့ငှါ မကြာမီရက်ပိုင်းအတွင်း အဖွဲ့ဝင်အားလုံးပါဝင်သော အစည်းအဝေးကြီးတရပ် ကျင်းပပြုလုပ်မည်ဟုသိရှိရသည်။

စစ်ရေးမဟာမိတ်အဖွဲ့အား ၁၉၉၉–ခုနှစ်၊ ဇွန်လ (၁၃) ရက်နေ့တွင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ **(RCSS)**၊ ကရင်အမျိုးသားအစည်းအရုံး **(KNU)**၊ ချင်းအမျိုးသားတပ်ဦး **(CNF)**၊ ကရင်နီတိုးတက်ရေးပါတီ **(KNPP)**နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ**(ALP)** တို့ဖြင့် ဖွဲ့စည်းထားပြီး ယခုအခါ စစ်ရေးမဟာမိတ်အဖွဲ့ (၅)ဖွဲ့စလုံး မြန်မာအစိုးရနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူ စာချုပ်ချုပ်ဆိုခဲ့ကြသည်။



စစ်ရေးမဟာမိတ် ဖွဲ့စည်းခဲ့စဉ် အမှတ်တရ

## ချင်းအမျိုးသားတပ်မတော်၏ စစ်သင်တန်းများ

ချင်းအမျိုးသားတပ်မတော်၏ အပါတ်စဉ် (၁၉)အခြေခံစစ်သင်တန်းကို ချင်းပြည်နယ်အတွင်းရှိ ချင်းအမျိုးသားတပ်မတော် ဗဟိုဌါနချုပ်တွင် ပြုလုပ်နိုင်ခဲ့သည်။ ချင်းလဲန်အနံ့မှ မျိုးချစ်လူငယ်များ တက်ရောက်ကြသည်။ ထို့အပြင် မဟာမိတ်တပ်ပေါင်းစုများထံသို့ ချင်းအမျိုးသားတပ်မတော်မှ ဗိုလ်လောင်းများအရာရှိသင်တန်း တက်ရောက်နေလျက်ရှိကြောင်း သတင်းရရှိသည်။ ယင်းသို့ စစ်သင်တန်းတက်ရောက်နေခြင်းများသည် စစ်အင်အားတိုးချဲ့ခြင်းမဟုတ်ဘဲ တပ်မတော်တရပ်၏ အင်္ဂါရပ်များနှင့်အညီ ပြည့်စုံစေရေး အတွက် သာမန်လုပ်ရိုးလုပ်စဉ် စစ်သင်တန်းများသာဖြစ်ကြောင်း တပ်မှူးတဦးထံမှ သိရှိရသည်။



အခြေခံစစ်ပညာသင်တန်းဆင်းပွဲ အမှတ်တရ

## စီးပွါးရေးရုံးဖွင့်ပြီ

ချင်းအမျိုးသားတပ်ဦး၏ စီးပွါးရေးရုံးကို ချင်းပြည်နယ်၊ ရိခေါ်ဒါရ် (တီယို)တွင် ၂၀၁၂– ခုနှစ်၊ မေလ (၃၀) ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ သက်ဆိုင်ရာအာဏာပိုင်များနှင့် တပ်ဦးဖက်မှတာဝန်ရှိသူများ ရုံးဖွင့်ပွဲသို့ တက်ရောက်ကြသည်။ အဆိုပါရုံးအား စီးပွါးရေးဌါနမှ တာဝန်ယူ ကြီးကြပ်ကွပ်ကဲသည်။




## ဒေသပါတီကော်မီတီ (Regional Committee) လှုပ်ရှားမှု

ချင်းအမျိုးသားတပ်ဦး၊ စစ်ရေးရာကော်မီတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးဆော်လမွန် သည် ဒေသကော်မီတီများရုံးစိုက်ရာ နော်ဝေး၊ ဆွီဒင်၊ ဒိန်းမတ်၊ နယ်သာလန်၊ ဂျာမဏီ နိုင်ငံများသို့ ခရီးထွက်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပါတ်သက်ပြီး ချင်းအမျိုးသားများသို့ ရှင်းလင်းရန်နှင့် ပါတီစည်းရုံးရေးလုပ်ငန်းများအတွက် ၂၀၁၂– မတ်လ မှစတင်၍ ခရီးထွက်ခဲ့သည်။ ထိုခရီးစဉ်မှ၊ ပါတီဝင်အသစ်များနှင့် (Chinland Club)ဝင်များကိုလည်း များစွာစုစည်း နိုင်ခဲ့သည့်အပြင် ဆွီဒင်နိုင်ငံတွင် ချင်းအမျိုးသားတပ်ဦး၏ ဒေသပါတီ ကော်မီတီအသစ်ကို ဖွဲ့စည်းနိုင်ခဲ့သည်။ ၎င်းနိုင်ငံများရှိ ချင်းအမျိုးသားများက စစ်လက်နက်ဝယ်ယူရန် ငွေကြေးများ လှူဒါန်းခဲ့ကြသည်။

ချင်းအမျိုးသားတပ်ဦး၏ အဓိပတိကောင်စီဥက္ကဌ ဒေါက်တာဇလှယ်ထန်း သည်လည်း နော်ဝေနိုင်ငံနှင့် ဒိန်းမတ်နိုင်ငံများသို့စည်းရုံးရေးခရီးစဉ် ပြုလုပ်လျက်ရှိသည်။ ပြည်ပစည်းရုံးရေးအတွင်းရေးမှူး ဆလိုင်းထလာဟဲသည်လည်း အမေရိကန်နိုင်ငံအတွင်းရှိ ချင်းအမျိုးသားများနေထိုင်ရာ ပြည်နယ်များသို့ ခရီးလှည့်လည်မှုများပြုလုပ်ခဲ့ပြီး ဒေသပါတီဆပ်ကော်မတီသစ်များ ဖွဲ့စည်းပေးနိုင်ခဲ့သည့်အပြင် ချင်းလဲန်းကလပ်အဖွဲ့ဝင်သစ် စုဆောင်းမှုများလည်းပြုလုပ်ခဲ့သည်။

## ဆက်ဆံရေးရုံးများ ဖွင့်လှစ်တော့မည်

ချင်းအမျိုးသားတပ်ဦး (CNF)နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၏ ငြိမ်းချမ်းရေးသဘောတူညီချက် အနက်မှ နှစ်ဖက် ဆက်ဆံရေးရုံးများအပြန်အလှန်ဖွင့်လှစ်ရန် သဘောတူညီချက်အရ ချင်းအမျိုးသားတပ်ဦး၏ ဆက်ဆံရေးရုံးများကို တီးတိန်၊ ထန်တလန်နှင့် မတူပီမြို့များတွင် ဖွင့်လှစ်မည်ဖြစ်သည်။ ၂၀၁၂–ခုနှစ် မေလ (၁၁) ရက်နေ့၊ တွင်ကျင်းပပြုလုပ်သည့် ပဥ္စမအကြိမ် ပါတီညီလာခံသက်တမ်း၊ စတုတ္ထအကြိမ်ဗဟိုအလုပ်အမှုဆောင်အစည်းအဝေး ဆုံးဖြတ်ချက်အရ ဆက်ဆံရေးတာဝန်ခံများနှင့် ဒေသတာဝန်ခံများကို ခန့်အပ်နိုင်ခဲ့သည်။ တီးတိန်မြို့ ဆက်ဆံရေးတာဝန်ခံအဖြစ် (Pu Hau Kang)၊ ထန်တလန်မြို့ ဆက်ဆံရေးတာဝန်ခံအဖြစ် (Pu H.C Ral Hnin)နှင့် မတူပီမြို့ ဆက်ဆံရေးတာဝန်ခံအဖြစ်(Pu ThangYen) တို့အား အသီးသီးခန့်အပ်သည်။

## Negotiation Workshop ကျင်းပပြီးစီး

ချင်းအမျိုးသားတပ်ဦးနှင့်အစိုးရအကြား ဒုတိယအကြိမ်တွေ့ဆုံဆွေးနွေးမှု မပြုလုပ်မီ ၂၀၁၂–ခုနှစ်၊ ဧပြီလ ၁၆ မှ ၁၈ ရက်အတွင်း ချင်းအမျိုးသားတပ်ဦးနှင့် **Burma Centre Ethnic Studies and ASEM Peace Education HUB** မှ ကြီးမှူး ကျင်းပသည့် **Workshop on Capacity Building and Negotiation** ကို အိန္ဒိယ–မြန်မာနယ်စပ် တနေရာတွင် အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ တပ်ဦးပါတီဥက္ကဌ ဒေါက်တာဇလေှထန်း ကိုယ်တိုင်တက်ရောက် အမှာစကား မြွက်ကြားခဲ့ပြီး၊ ပြည်တွင်းပြည်ပရှိ ချင်းအမျိုးသားတပ်ဦးမှ အဓိပတိကောင်စီဝင်များ၊ ဗဟိုအလုပ်အမှုဆောင်ကော်မီတီဝင်များနှင့် ဗဟို ကော်မီတီဝင်များ တက်ရောက်ကြသည့် ဤအလုပ်ရုံဆွေးနွေးပွဲတွင် အင်ဒိုနီးရှားနိုင်ငံမှ **Prof. Delsy Ronnie, the University of Helsinki, Finland** က "ရေရှည်တည်တံ့သောငြိမ်းချမ်းရေး" ခေါင်းစဉ်ဖြင့် ပို့ချဆွေးနွေးခဲ့ပြီး၊ ဒေါက်တာလျန်မှုန်းဆာခေါင်းက လက်ရှိငြိမ်းချမ်းရေးဆွေးနွေးမှုဖြစ်စဉ်တွင် အစိုးရဖက်မှလိုလားသည့် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်တိုင်းရင်းသား အင်အားစုများဖက်မှ လိုလားသည့် ငြိမ်းချမ်းရေးဖြစ်စဉ်၊ ဤ(၂)ခုအကြား ကွာဟချက်၊ အားသာချက်၊ အားနည်းချက်များကို တင်ပြဆွေးနွေးခဲ့သည်။ ဤအလုပ်ရုံဆွေးနွေးပွဲသည် သီအိုရီကို အခြေခံသည့်ဆွေးနွေးမှုမျိုးမဟုတ်ပဲ၊ ၁၉၉၉–၂၀၀၅–ခုနှစ်များအတွင်း အင်ဒိုနီးရှားအစိုးရနှင့် အာချေးပြည်နယ်အကြား ငြိမ်းချမ်းရေးဖော်ဆောင်မှုများ အတွေ့အကြုံကို အခြေခံ၍ လက်ရှိမြန်မာပြည်၏ငြိမ်းချမ်းရေးကြိုးပမ်းမှု နှင့်ဆက်စပ်၍ ဆွေးနွေးခဲ့ကြခြင်းသည်။ ဖက်ဆစ်ဂျပန်အကူအညီဖြင့် တပ်မတော်ထူထောင်ခဲ့ကြသည့် သမိုင်းမှအစ တိုင်းပြည်ကြီး အာဏာရှင်စနစ်အောက်သို့ကျရောက်ခဲ့ခြင်း၊ ထိုမှတဆင့် တိုင်းပြည် ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းခဲ့ကြမှုများအထိ သမိုင်းကြောင်း အဖြစ်အပျက်ချင်းဆင်တူလှသည့် အင်ဒိုနီးရှားနိုင်ငံနှင့်မြန်မာနိုင်ငံ၏ ပြောင်းလဲမှုအဆင့်ဆင့်ကို ဆွေးနွေးဖလှယ်ခဲ့ကြပြီး၊ အင်ဒိုနီးရှားနိုင်ငံ၊ အာချေးပြည်နယ်နှင့် ဂျာကာတာအစိုးရအကြား တည်ဆောက်နိုင်ခဲ့ကြသော "ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်"နှင့် လက်ရှိ ချင်းအမျိုးသားတပ်ဦးနှင့်မြန်မာအစိုးရအကြား ထာဝရငြိမ်းချမ်းရေးဆွေးနွေးမှုဖြစ်စဉ်များအား တက်ရောက်သူများအကြား အကျေအလည် နှိုင်းယှဉ် ဆွေးနွေးကြပြီးနောက် ချင်းအမျိုးသားတပ်ဦးနှင့် မြန်မာအစိုးရအကြား ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်တွင် လက်တွေ့အကျဆုံးဖြစ်မည့် "ငြိမ်းချမ်းရေးဖြစ်စဉ်" တခုကို ရေးဆွဲချမှတ်နိုင်ခဲ့ကြသည်။



# ဗမာလူမျိုးတို့၏ အမျိုး၊ ဘာသာ၊ သာသနာမူဝါဒနှင့် အခြားတိုင်းရင်းသားများ

**တမ်ကွီး**

ဗမာဘုရင် အနော်ရထာက ပုဂံပြည်ကို အေဒီ ၁၀၄၄–ခုနှစ်၌တည်ထောင်ခဲ့ရာက ၁၇၅၂–ခုနှစ် ၌ အလောင်း ဘုရားက မွန်တိုင်းပြည်ကိုသော်လည်းကောင်း၊ ၁၇၈၄–ခုနှစ်၌ ဘိုးတော်ဘုရားက ရခိုင်တိုင်းပြည်ကိုသော်လည်းကောင်း အသီးသီးသိမ်းပိုက်ပြီး နယ်ချဲ့ရာ ဗမာမင်းအုပ်ချုပ်ခဲ့သော ဗမာတိုင်းပြည်အတွင်း၌ ဗမာ၊ မွန်၊ ရခိုင် ကရင်လူမျိုးများနှင့် အခြားလူနဲစုလူမျိုးများ ရောပြွန်းနေထိုင်လာကြသည်။

၁၈၂၄–၁၈၈၅ ထိ အင်္ဂလိပ်က ဗမာပြည်ကို သုံးကြိမ်တိုင်တိုင် ထိုးစစ်ဆင်နွဲကာ ဗမာပြည်ကို သိမ်းပိုက်ခဲ့ပြီး ဗြိတိသျှ–အိန္ဒိယနယ်မြေထဲ ထည့်သွင်းအုပ်ချုပ်သည်။ ၁၉၃၅ ဘားမားအက်ဥပဒေအရ ဗမာပြည် (Proper Burma) ခေါ်တွင်စေပြီး ဗြိတိသျှ–အိန္ဒိယ နယ်မြေထဲမှပြန်လည် ခွဲထုတ်အုပ်ချုပ်သည်။ ထိုအချိန်တွင် ဗမာပြည်နှင့် နယ်မြေချင်းထိစပ်လျက် အင်္ဂလိပ်အစိုးရက ၁၈၉၅ ကချင်တောင်တန်းအက် ဥပဒေဖြင့် အုပ်ချုပ်သောကချင်ပြည်၊ ၁၈၉၆ ချင်းတောင်တန်းများ အက်ဥပဒေဖြင့်အုပ်ချုပ်သော ချင်းပြည်၊ ၁၉၂၂ ဖက်ဒရက်တက်ရှမ်းပြည်ထောင်စုအက်ဥပဒေဖြင့် အုပ်ချုပ်သော ရှမ်းပြည်တို့အပြင် သီးခြားလွတ်လပ်စွာရပ်တည်နေသည့် ကရင်နီပြည်လည်းရှိသည်။

ဗမာပြည်လွတ်မြောက်ရေး အတွက် ဝိုင်အဲမ်ဘီအေ၊ ဂျီစီဘီအေ၊ ဂျွန်အသင်း (ဆရာစံတော်လှန်ရေး)၊ ရေနံမြေ သပိတ်၊ ကျောင်းသားသပိတ်၊ ဒို့ဗမာအစည်းအရုံး၊ ဖဆပလ အဖွဲ့စည်းအသီးသီး ဖွဲ့စည်းကာ တော်လှန်ပုန်ကန်ကြသည်။ ယင်းတို့၏ မူရင်းကျောရိုးပေါ်လစီမှာ အမျိုး၊ ဘာသာ၊ သာသနာဖြစ်သည်။ ဆိုလိုရင်းမှာ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ၏ လွတ်မြောက်ကောင်းစားရေးပင်ဖြစ်သည်။ ယင်းပေါ်လစီသည် ယနေ့ထက်ထိတိုင် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတမျိုးတည်း အတွက် အလွန့်အလွန် ကောင်းမွန်လျက်ရှိသော်ငြားလည်း လူမျိုးပေါင်းစုံနေထိုင်သော ပြည်ထောင်စု တခုအတွက်မူ အဆိပ်ပင်တပင် ဖြစ်လာလေ၏။

၁၉၄၇–ခုနှစ်၊ အောင်ဆန်း–အက်တလီ တွေ့ဆုံပွဲမှာ အောင်ဆန်းကို တနှစ်အတွင်း လွတ်လပ်ရေးပေးရန် ကတိပြုခဲ့သည်။ ထိုအခါ အောင်ဆန်းက ချင်း၊ ကချင်၊ ရှမ်းပြည်များအပါအဝင် တပါတည်းပေးရန် တောင်းဆိုသောအခါ အက်တလီက တောင်းတန်းသားများ၏ ဆန္ဒသဘောထားအတိုင်းသာ ဖြစ်စေရမည်ဟုဆိုလေသည်။

ဤသို့ဖြင့် ၁၉၃၅ ဘားမားအက် အရအုပ်ချုပ်သောဗမာပြည်၊ ၁၈၉၅ ကချင်တောင်တန်းနယ်အက်ဥပဒေဖြင့် အုပ်ချုပ်သောကချင်ပြည်၊ ၁၈၉၆ ချင်းတောင်တန်းများ အက်ဥပဒေဖြင့်အုပ်ချုပ်သော ချင်းပြည်၊ ၁၉၂၂ ဖက်ဒရက်တက် ရှမ်းပြည်ထောင်စု အက်ဥပဒေဖြင့် အုပ်ချုပ်သော ရှမ်းပြည်အသီးသီးမှ ကိုယ်စားလှယ်ကြီးများ ရှမ်း ပြည် ပင်လုံမြို့တွင် ၁၉၄၇–ခု၊ ဖေဖေါ်ဝါရီ(၁၂) ရက်နေ့၌ တွေ့ဆုံကြပြီး အမျိုးသားတန်းတူရေးနှင့် ပြည်နယ်များအပေါ် အခြေခံသည့် ပြည်ထောင်စုတည်ထောင်ရန် သဘောတူညီချက်တရပ် လက်မှတ်ရေးထိုးခဲ့ကြသည်။ မိမိတို့၏ သဘောတူညီချက် ကို သဘောကျပြီး ကရင်နီပြည်သည်လည်း၄င်းတို့၏ ဆန္ဒအရ ပြည်ထောင်စုဝင် အဖြစ် ဝင်ရောက်လာသည်။

အောင်ဆန်းဦးဆောင်သော ဗမာလူမျိုးအတွင်း၌ အခြားတိုင်းရင်းသားများနှင့် အတူတကွ လွတ်လပ်ရေးရယူအပြီး တိုင်းပြည်သစ် တည်ထောင်ရေးအပေါ် အကြီးကျယ်သဘောထားကွဲကြသည်။ ဗမာလူမျိုးကြီးဝါဒီများဖြစ်ကြသော ဦးစော၊ ဘမော်၊ ထွန်းအုပ်၊ ဦးဘချို အစရှိသည့် ခေါင်းဆောင်တို့၏ "အမျိုး၊ ဘာသာ၊ သာသနာ" ပေါ်လစီအရ ဗမာလူမျိုးတမျိုးတည်းသာကြီးစိုးသည့် တပြည်ထောင်စံနစ်တည်ထောင်ရေးနှင့် ဦးအောင်ဆန်း၏ ဘာသာရေးကင်းရှင်းသည့် အစိုးရ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာ အယူဝါဒပေါင်းစုံတန်းတူ ရည်တူ အတူယှဉ်တွဲ နေထိုင်သည့် ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရေး ဟူ၍ဖြစ်သည်။ ဦးစောသည် အောင်ဆန်း–အက်တလီ တွေ့ဆုံပွဲကို မြန်မာကိုယ်စားလှယ်တဦးအဖြစ် တက်ရောက်ခဲ့သော်လည်း အောင်ဆန်းအက်တလီစာချုပ်၌ လက်မှတ်မရေးထိုးခဲ့ပေ။ ဗမာအများစုက ပင်လုံစာချုပ်ကိုလည်း အသိမှတ်မပြုကြပေ။ အောင်ဆန်းလုပ်ကြံခံခြင်းနှင့် အောင်ဆန်း၏ ဖက်ဒရယ်မူပယ်ပြီး တပြည်ထောင်စံနစ်ကိုမရမက တည်ထောင်လျက် ပြည်တွင်းစစ်မီးလောင်မြိုက်စေခြင်းက သက်သေထူနေပေသည်။

အောင်ဆန်းလုပ်ကြံခံပြီးနောက် ဦးနုက အောင်ဆန်း၏ ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကိုပစ်ပယ်ပြီး အမျိုး၊ ဘာသာ၊ သာသနာ ပေါ်လစီအတိုင်း ၁၉၄၇ တပြည်ထောင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့သည်။ ၁၉၆၁–ခုနှစ်၌ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ရဲတင်းစွာ ကြေညာပြဋ္ဌာန်းခဲ့သည်။ ထိုကြောင့် ၁၉၆၁–ခုနှစ်၌ ရှမ်းပြည်မြို့တော်တောင်ကြီးမြို့တွင် တိုင်းရင်းသားကိုယ်စားလှယ်ကြီးများ လာရောက် စုရုံးပြီး ၁၉၄၇ ဖွဲ့စည်းပုံကို ပြန်လည်ပြင်ဆင်ရန် အရေးဆို ကြသည်။ ယင်းကိစ္စကို ပါလီမန်မှာ ဆွေးနွေးရန် ပြင်ဆင်နေ ချိန်တွင် ၁၉၆၂–ခုနှစ်၊မတ်လ (၂)ရက်နေ့၌ ဗိုလ်နေဝင်း က တော်လှန်ရေးကောင်စီအမည်ဖြင့် တိုင်းပြည် အာဏာသိမ်းယူခဲ့သည်။ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံ ဥပဒေအားဖြင့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီကို တည်ထောင်ပြီး ဗမာ လူမျိုးကြီးစိုးရေး အတွက် ဗမာစာကိုသာ တပြည်လုံးအတိုင်းတာဖြင့် သင်ကြားစေသည်။ အခြားတိုင်းရင်းသားများ၏ အမျိုးသားရပိုင်ခွင့်များနှင့် အခွင့်ရေးများကို လုံးဝပိတ်ပင်ခံခဲ့ သည်။ ၁၉၈၈–၂၀၁၀ အတွင်း လူမျိုးရေးနှင့်ဘာသာရေး ဖိနှိပ်မှုအခြေနေ အလွန်ဆိုးဝါးသည်။ နဝတ၊ တစည၊နအဖနှင့် ပြည်ခိုင်ဖြိုးပါတီတို့သည် ဗမာလူမျိုးတို့၏ "အမျိုး၊ ဘာသာ၊ သာသနာ" မူဝါဒ ကိုကျောရိုး မဏ္ဍိုင်ပြုသည့် ၂၀၀၈ ဖွဲ့စည်းပုံဖြင့် ဆက်လက်၍ မိုက်ကြေးခွဲနေပြန်သည်။ တိုင်းရင်းသားလူမျိုးများအကြား ဝိဝါဒကွဲပြားစေသော ပေါ်လစီဟောင်းများ စွန့်ပစ်ပြီး တတိုင်းပြည်လုံး၏ အေးချမ်းတည်ငြိမ်ရေး ဖေါ်ဆောင်မည့် တိုင်းရင်းသားလူမျိုးပေါင်းစုံ တန်းတူရည်တူ အတူယှဉ်တွဲ နေထိုင်ရေးမူဝါဒများ ချမှတ်ရေး တစိုးတစိမျှစဉ်းစားဟန် မတူကြပေ။

အစိုးရသစ်အနေဖြင့် ထာဝရ ငြိမ်းချမ်းရေးတည်ဆောက်ရေးနှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ကိုအတူတကွ အကောင်အထည်ဖေါ်ရန် ကြိုးပမ်းနေချိန်ဝယ် ၂၀၀၈ ဖွဲ့စည်းပုံဥပဒေကို ယခင်မူဟောင်းအတိုင်း မျက်စိမှိတ်နားပိတ်ပြီး ထင်ရာစိုင်းအကောင်ထည်မဖေါ်ပဲ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပြည်သူလူထု တရပ်လုံး၏လိုအင်ဆန္ဒအပေါ်အခြေခံ၍ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ဆောင်လာလျှင် ပြည်သူလူထုအတွက် တကယ်အကျိုးဖြစ်ထွန်း ပေလိမ့်မည်။

ယခင်က ဦးအောင်ဆန်းသည် ဗမာလူမျိုးများအလယ်တွင် သူ၏ ကောင်းမြတ်သော မူဝါဒအတွက် မျက်နှာသုငယ်နှင့် အသက်စတေးခဲ့သည်။ ကံကောင်းထောက်မစွာ အောင်ဆန်းပေါ်လစီသည် ပျဉ်းမငုတ်တို ကဲ့သို့ ယနေ့ ထိတိုင် ရှင်သန်မြဲ ပွင့်လန်းဆဲဖြစ်ပြီး တိုင်းရင်းသားပြည်သူအပေါင်းကို မျှော်လင့်ချက်တွေ ပေးနေဆဲဖြစ်သည်။ အင်အဲလ်ဒီပါတီနှင့် ယင်းပါတီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဦးအောင်ဆန်း၏ ဘာသာရေးကင်းရှင်းသည့် အစိုးရ၊ တိုင်းရင်းသား လူမျိုးပေါင်းစုံ၊ ဘာသာ အယူဝါဒပေါင်းစုံ တန်းတူရည်တူ အတူယှဉ်တွဲနေထိုင်သည့် ဖက်ဒရယ်

ပြည်ထောင်စု တည်ထောင်ရေးမူကို ပြန်လည်ကိုင်စွဲခဲ့ရာ လူမျိုးပေါင်းစုံ ပြည်သူလူထုကို အသစ်တဖန် မျှော်လင့်ချက်တွေပေးလာသည်။ ဗမာလူမျိုး ကြားမှာပင် ဒေါ်အောင်ဆန်းစုကြည်ကို ပုဂ္ဂိုလ်ရေးအပြင် မူဝါဒပိုင်းဆိုင်ရာ ထောက်ခံမှုအတော်တန်ရရှိ သည်ဟု ယူဆမိသည်။ ထို့အပြင် အပြည်ပြည်ဆိုင်ရာ လူ့အသိုင်း ဝိုင်းကြီးက မူဝါဒပိုင်းဆိုင် ရာထောက်ခံမှု အပြည့်အဝပေးကါ သူမနှင့်အတူ မားမားရပ်တည်နေပေသည်။ တိုင်းရင်းသားလူမျိုးများကမူ အောင်ဆန်းစုကြည်အပေါ် ယုံကြည်အားထားကြ သော်ငြားလည်း အချို့ သော အဲင်အဲလ်ဒီခေါင်းဆောင်များအပေါ် သံသယမကင်းသေးပေ။ အခြားတိုင်းရင်းသားများ၏ အားကိုးမှု အပြည့်အဝရရှိရေးသည် အဲင်အဲလ်ဒီ ခေါင်းဆောင်(ဗမာလူမျိုး)များသည် အောင်ဆန်းမူဝါဒကို အလုပ်သဘောပြသနိုင်သော သူများဖြစ်လျင် သို့မဟုတ် အဲင်အဲလ်ဒီထိပ်တန်းခေါင်းဆောင်နေရာတွင် တိုင်းရင်းသားလူမျိုးများထဲမှ ပိုမိုပါဝင်လာလျင် သို့မဟုတ် တိုင်းရင်းသားပါတီများနှင့် နီးကပ်စွာ အလုပ်လုပ်နိုင်လျင် စသည်တို့အပေါ် တွင်မူတည်မည်။ ယနေ့ မြန်မာ့နိုင်ငံရေးပြသနာကို နိုင်ငံရေးနည်းအရ အမှန်တကယ် ဖြေရှင်းရေးသည် ဗမာတိုင်းရင်းသားခေါင်းဆောင်များ၏ မြန်မာပြည်ရေခံမြေခံခေတ်နှင့်လျော်ညီစွာ ချမှတ်သောမှန်ကန်သည့် နိုင်ငံရေးမူဝါဒအပေါ်တည်မှီသည်။ ပြည်ခိုင်ဖြိုးပါတီနှင့် ယင်း၏ခေါင်းဆောင်များ အနေဖြင့် ဒီမိုကရေစီအပြောင်းအလဲ တခုတည်းကိုသာ မလုပ်ဆောင်ပဲ စစ်မှန်သော ပြည်ထောင်စုတည်ထောင်ရေးကိုပါ အခြေခံမူဝါဒကစ အခြေခံကျကျပြောင်းလဲ လုပ်ဆောင်လာလျှင် အကျိုးဖြစ်ထွန်းပေမည်။

---

## အဆိုအမိန့်များ

ကမ္ဘာမှာ ငြိမ်းချမ်းရေးရှိခဲ့လျှင်၊ နိုင်ငံတိုင်းဟာငြိမ်းချမ်းနေမှာပါ
နိုင်ငံတိုင်းမှာ ငြိမ်းချမ်းရေးရှိခဲ့လျှင်၊ မြို့ရွာတိုင်းဟာ ငြိမ်းချမ်းနေမှာပါ
မြို့ရွာတိုင်းမှာ ငြိမ်းချမ်းရေးရှိခဲ့လျှင်၊ အိမ်နီးနားချင်းအကြား ငြိမ်းချမ်းနေမှာပါ
အိမ်နီးနားချင်းအကြား ငြိမ်းချမ်းရေးရှိခဲ့လျှင်၊ မိသားစုတိုင်းဟာ ငြိမ်းချမ်းနေမှာပါ
မိသားစုတိုင်းမှာ ငြိမ်းချမ်းရေးရှိခဲ့လျှင်၊ နှလုံးသားတိုင်း ငြိမ်းချမ်းနေမှာပါ။

Lao Tzu

ငြိမ်းချမ်းရေးဟာ ထာဝရလှပနေမည်သာ။

Walt Whitman

စစ်ပွဲဆန့်ကျင်ရေးကို ကျမတခါမှ မလုပ်ခဲ့ဘူး၊ ဒါပေမယ့် ငြိမ်းချမ်းရေးအတွက် စုရုံးလျှင် ကျမအမြဲရောက်နှင့်ပြီ။

**Mother Teresa**

စစ်ပွဲအဆုံးသတ်ရေးသည် သင်၏ဆန္ဒသာဖြစ်သည်။

**John and Yoko**

ငြိမ်းချမ်းရေးအတွက် လမ်းစမရှိ။ ငြိမ်းချမ်းရေးသည်သာလျှင် နည်းလမ်းဖြစ်သည်။

A. J. Muste

ငြိမ်းချမ်းရေးလုပ်ချင်ရင် မိတ်ဆွေနှင့်မဆွေးနွေးပဲ၊ ရန်သူနှင့်ဆွေးနွေးပါ။

Moshe Dayan

ကောင်းသောစစ်ပွဲနှင့် ဆိုးသောငြိမ်းချမ်းရေးမရှိခဲ့ဘူး။ Benjamin Franklin

အမုန်းတရားကို အမုန်းအားဖြင့် မငြိမ်းသတ်နိုင်၊ ချစ်ခြင်းမေတ္တာအားဖြင့်သာ ဖြေဖျောက်နိုင်သည်။ ဤသည် ထာဝရတည်တံ့မည့်တရားဖြစ်သည်။

**Lord BUDDHA**

### မီးစ,တဖက် .... မှအဆက်

၁၉၄၈–ခုနှစ်၊ ပင်လုံစာချုပ်အရပြည်ထောင်စုမြန်မာနိုင်ငံဟူ၍ပေါ်ပေါက်လာခြင်းမရှိမီ၊ ယနေ့အခေါ်အဝေါ် တိုင်းနှင့်ပြည်နယ်သည်လည်း မရှိခဲ့ဖူးပါ။ ပြည်မနှင့် တောင်တန်းဒေသ ဟူသော အသုံးအနှုန်းများသာရှိခဲ့သည်၊ လွတ်လပ်ရေး အကြိုနှင့် လွတ်လပ်ရေးအစပိုင်းကာလတွင် ချင်း၊ ရှမ်း၊ ကချင်နှင့်မြန်မာလူမျိုးများတွင်သာ လွတ်လပ်မှုကိုယ်စီရှိကြသည်။ အထက်တွင် ဖော်ပြပြီးသည့် အတိုင်း ရခိုင်သည် လွတ်လပ်ရေးမတိုင်မီ နှစ်ပေါင်း (၁၆၄) နှစ်လုံးလုံး ဗမာလက်အောက်၊ ထိုမှ တဆင့် နယ်ချဲ့အင်္ဂလိပ်တို့၏ လက်အောက်သို့ ကျရောက်ခဲ့ပြီးဖြစ်သည်။ နယ်ချဲ့မဝင်ခင်ကာလများ အထိ နယ်မြေတခုကို လူမျိုးတမျိုးစီက ပိုင်ဆိုင်ကြသည်။ ရခိုင်လူမျိုးများက ရခိုင်ပြည်(နိုင်ငံ) ကို ပိုင်ဆိုင်ခဲ့ကြသည်။ ဗမာ သို့မဟုတ် ကုလားနှင့်ပူးတွဲပိုင်ဆိုင်သော နယ်မြေဟူ၍ မရှိခဲ့ပါ၊ ထိုနည်းတူ ချင်းပြည် (ချင်းနိုင်ငံ)ကိုလည်း ချင်းလူမျိုးက ပိုင်ဆိုင်သည်။

ခူမီးလူမျိုးများသည် ရခိုင်ဘာသာစကားနှင့် လုံးဝမဟပ်စပ်သည့် ဘာသာစကားကို သုံးသော ချင်းမျိုး နွယ်စုဝင်များဖြစ်ကြသည်။ စာအရေးအသားတွင်လည်း အခြားချင်းမျိုးနွယ်စုများနည်းတူ ရောမအက္ခရာ စကားလုံးများနှင့် ကိန်းဂဏန်းများ ကို အသုံးပြုသည်။ ရခိုင်စာ၊ အက္ခရာဖြင့် ခူမီး ဘာသာစကားကို ရေးသား၍မရပါ။ ထို့ကြောင့် အဖက်ဖက်မှ ကြည့်လေလေ ရခိုင်နှင့်ဝေးလေလေသာ ဖြစ်သည်။ ပလက်ဝနယ်ကို ပိုင်ဆိုင်သည့် ခူမီးမျိုးနွယ်ဝင်များ၏ သမိုင်းအရ နယ်ချဲ့အင်္ဂလိပ်ကိုလိုနီနှင့် ဖက်ဆစ်ဂျပန်ကို ခုခံတိုက်ခိုက်ခဲ့မှုများသမိုင်း၊ ပလက်ဝမြို့နယ် အင်္ဂလိပ်လက်အောက်ကျ ရောက်ခဲ့ပုံသမိုင်း၊ ဦးထပ်လှိုင်နှင့်ဒေသခံကိုယ်စားလှယ် (၁၀) ဦးက ရန်ကုန်ရှိ စုံစမ်းစစ်ဆေးရေး ကော်မီရှင်ကို သွားရောက်တွေ့ဆုံစဉ် ပလက်ဝနယ်ကို ချင်းတောင်အုပ်ချုပ်ရေးနယ်ထဲထည့်ရန် လွတ်လပ်စွာ တင်ပြနိုင်ခဲ့ကြသည့် အခွင့်အရေးရှိခဲ့မှုသမိုင်း စသည်တို့သည် ပလက်ဝမြို့နယ်၏ လွတ်လပ်စွာ ရပ်တည်မှုကို ပြသသည့် သမိုင်းအထောက်အထားများ ဖြစ်သည်။

ဤသို့ဆိုလျှင် အဘယ်ကြောင့် ရခိုင်အမျိုးသားလွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်နေသည့် အေအဲလ်ပီက ၄င်း၏ ဆက်ဆံရေးရုံးကို ကိုယ့်နယ်မြေမဟုတ်သည့် ပလက်ဝတွင် ဖွင့်လှစ်လိုပါသနည်း။ အေအဲလ်ပီအနေဖြင့် ချင်းပြည်နယ် အစိုးရလက်အောက်တွင်နေလိုသော ဆန္ဒကြောင့် လား။ နောက်ကွယ်တွင် ဘာရည်ရွယ်ချက်နှင့် အကြံအစည်များရှိပါသနည်း။

မီးစ, တဖက်၊ ရေမှုတ်တဖက်နှင့်မူ ထာဝရတည်တံ့သည့် ငြိမ်းချမ်းရေးကို မည်သည့်အခါတွင်မျှ တည်ဆောက်နိုင်မည် မဟုတ်ပါကြောင်း။

ဝဝဝဝ

---

ဤပါတီရေးရာစာစောင်သည် ချင်းအမျိုးသားတပ်ဦး၊
သတင်းနှင့်ပြန်ကြားရေး႒ာနမှ
လစဉ်ပုံမှန်ထုတ်ဝေသွားမည်ဖြစ်သည်။
မည်သူမဆို အပြုသဘောဆောင်သော အကြံဥာဏ်ပေးခြင်းများ၊ သတင်း၊ ဆောင်းပါး၊ ကဗျာနှင့် ကာတွန်းများကို ပေးပို့နိုင်ပြီ။ ချင်းအမျိုးသားတပ်ဦး၏ ဆက်ဆံရေးရုံးများမှ ပြည်တွင်းသို့ တဆင့် ဖြန့်ဝေမည်ဖြစ်ပြီး၊
အင်တာနက်မှလည်း လွှင့်တင်မည်ဖြစ်သည်။

ဝိုင်းကြားထန်း
သတင်းနှင့်ပြန်ကြားရေး႒ာန
ပါတီ႒ာချုပ်
ချင်းလဲန်း
Email- cnfinfo@yahoo.com; Mobile: 0091 8974125887

## ချင်းအမျိုးသားတပ်ဦး၏ လက်ရှိမြန်မာ့နိုင်ငံရေးသုံးသပ်ချက်

မေလ၊ ၂၀၁၂

### ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

၂၀၁၂ ခုနှစ်၊ မေလ (၃) ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးမှ အမိန့် အမှတ် ၁၁/၂၀၁၂၊ အမိန့်အမှတ် ၁၂/၂၀၁၂ များတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆွေး နွေးရာ၌ ဦးဆောင်ဦးရွက် ပြုလုပ်ရန်အတွက် "ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ" ကို နိုင်ငံတော်သမ္မတမှ ဦးဆောင်၍ ပြည်ထောင်စုကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များအပါအဝင် အဖွဲ့ဝင်(၁၁)ဦးဖြင့် ၄င်း၊ "ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ" ကို ဒု-သမ္မတ စိုင်းမောက်ခမ်းမှ ဦးဆောင်၍ ဒု-ဥက္ကဌများအဖြစ် ဒု-ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဇော်တို့ ပါဝင်စေလျက် တပ်မတော်မှ ထိပ်တန်းတပ်မှူးများ၊ တိုင်းမှူးများ၊ အစိုးရဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် အဖွဲ့ဝင်(၅၂)ဦးဖြင့်ဖွဲ့စည်းခဲ့သည်။ ၄င်း"လုပ်ငန်းကော်မတီ" ၏ လုပ်ဆောင်ရမည့် တာဝန်များကိုပါဖော်ပြရာတွင် ပြည်နယ်အဆင့်၌ အဆင့် (၅)ဆင့်နှင့် ပြည်ထောင်စုအဆင့်၌ အဆင့် (၈)ဆင့် ကိုဖော်ပြထားသည်။ အဓိက အချက်များမှာ ပါတီထောင်၍ရွေးကောက်ပွဲဝင်ရေး၊လွှတ်တော်တွင်းမှ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေး၊ လက်နက်ကိုင်တပ်ဖွဲ့ တခုတည်းထားရေးတို့ဖြစ်သည်။ တဖက်တွင် မေလ(၂၁) ရက်နေ့၌ DVB မှ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း အား မေးမြန်းမှုပြုလုပ်ရာတွင် နိုင်ငံရေးကိစ္စရပ်များ ဆွေးနွေးပြီးချိန်တွင် နေပြည်တော်၌ တိုင်းရင်းသားပြည်သူ အလွှာပေါင်းစုံပါဝင်သည့် အစည်းအဝေး ကြီးတရပ် ကျင်းပ မည် ဖြစ်ပြီး ယင်းအစည်းအဝေး၏ရလဒ်များအရ ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်နိုင်ရေး အတွက် လွှတ်တော်သို့ ပေးပို့ မည်ဖြစ်သည်ဟုဆိုသည်။ သမ္မတရုံးမှ အမည်မဖော် လိုသူတဦးကပြောကြားရာတွင် "အခုပြင်ဆင်ဖွဲ့စည်းလိုက်တဲ့ ငြိမ်းချမ်းရေး ကော်မတီအဖွဲ့နှစ်ခုက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအားလုံးနဲ့ ထာဝရငြိမ်း ချမ်းရေးရသည့်အထိ အစိုးရသက်တမ်းမကုန်ခင် ငြိမ်းချမ်းရေးအကောင်အထည် ဖော်နိုင်အောင် လုပ်ဆောင်သွားရန် ရည်ရွယ်ထားတယ်" ဟုဆိုသည်။ တချိန်တည်း မှာပင် ကျန်းမာရေးအခြေအနေကြောင့် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင် မြင့်ဦးသည် လက်ရှိရာထူးမှ အနားယူရန် မေလ(၃) ရက်နေ့က နုတ်ထွက်စာ တင်ထားပြီးဖြစ်သည်ဟု နေပြည်တော်နှင့် နီးစပ်သည့် သတင်းရပ်ကွက်ကဆိုသည်။ သမ္မတ ဦးသိန်းစိန်က ကက်ဘိနက်အဖွဲ့ ကိုပြောင်းလဲဖွဲ့စည်းကာ ဝန်ကြီးဌာန အချို့ကို ပူးပေါင်းပြီး အရေအတွက်လျှော့ချ လိမ့်မည်ဟု ထင်မြင်ကြေးပေးမှုများ ရှိနေသည့်အပြင် "တိုးတက်လိုတဲ့ အမြင်မရှိတဲ့ ရှေးရိုးစွဲတွေ၊ ခေတ်နောက်ပြန်ဆွဲလို သူတွေကိုတော့ နောက်မှာ ချန်ထားခဲ့ ရပါမယ်" ဟု သမ္မတက အတိအလင်းပြောဆိုခဲ့သည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၂)ဖွဲ့ နှင့် အပစ်အခတ်ရပ်စဲထားပြီး ဖြစ်သော်လည်း KIO အဖွဲ့နှင့်မူ တစုံတရာသဘော တူညီမှုမရရှိသေးဘဲတိုက်ပွဲများဆက်လက်ဖြစ်ပွားလျက်ရှိသည်။ အပစ်အခတ် ရပ်စဲပြီးအဖွဲ့များနှင့်လည်း နိုင်ငံရေးအရ ဆွေးနွေးမှုများမပြုလုပ်ကြသေးပေ။ ၂၀၁၂ခုနှစ်မေလ (၄) ရက်နေ့တွင် ထုတ်ပြန်ထားသည့် Oxfarm Aid Agency ၏ "The Devil is in the Detail" အစီရင်ခံစာအရ မြန်မာနိုင်ငံသည် ၂၀၀၀-ခုနှစ်မှ ၂၀၁၀-ခုနှစ် အကြား အမေရိကန်ဒေါ်လာ သန်းပေါင်း ၆၀၀ ကျော်ဖိုး လက်နက်များဝယ်ယူတင်သွင်းခဲ့ပြီး ကမ္ဘာပေါ်တွင် လက်နက်ဝယ်ယူတင်သွင်းမှု အများဆုံးနိုင်ငံဖြစ်သည် ဟုဆိုသည်။

၂၀၁၂-ခုနှစ် မေလ (၁၂) ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံး၌ ကျင်းပပြုလုပ်သည့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာညှိနှိုင်းအစည်းအဝေးတွင် သမ္မတ ဦးသိန်းစိန်မှ ပြည်ပရောက်မြန်မာများအား မြန်မာပြည်သို့ပြန်လာကြရန်ဖိတ်ခေါ်မှု ပြုလုပ်ခဲ့ သည်။ မြန်မာနိုင်ငံတွင် ဆင်းရဲမွဲတေမှုပပျောက်ရေးနှင့် အခြေခံယန္တရားအဆောက်အအုံများ တည်ဆောက်ရန်အတွက် နိုင်ငံတကာ အစိုးများအား မေတ္တာရပ်ခံလျက်ရှိပြီး စီးပွားရေးပိတ်ဆို့မှုများလည်း ပြန်လည်ရုပ်သိမ်းပေးရန် တောင်းဆိုလျက်ရှိသည်။ သမ္မတဦးသိန်းစိန်၏ အလုပ်သမားနေ့ နှုတ်ခွန်းဆက်သဝဏ်လွှာတွင် ILO နှင့် ပူးပေါင်း၍ ၂၀၁၅ ခုနှစ်တွင် အတင်းအဓမ္မ အလုပ်စေခိုင်းမှုများပပျောက်သွားရေးကြိုးပမ်း ဆောင်ရွက်သွားမည်ဟုဆိုသည်။ မေလ (၃) ရက်နေ့တွင် ပြုလုပ်သည့် World Press Freedom Day အခမ်းအနားတွင် Myanmar Journalists Association Organizing Committee (MJAOC)မှ မြန်မာနိုင်ငံ အတွင်း စာနယ်ဇင်းလွတ်လပ်ခွင့်များ မရှိသေးကြောင်းနှင့်သတင်း၊ ဘာသာရေး၊ ပြစ်မှုဆိုင်ရာများ နှင့်ပတ်သက်သည့် ထုတ်ဝေမည့် Articles ၁၈၀ ကျော်နှင့်ဓါတ်ပုံများအား မထုတ်ဝေမီ ဆင်ဆာ ဘုတ်အဖွဲ့ ကိုဖြတ်သန်းရဆဲဖြစ်သည် ဟုပြောကြားခဲ့သည်။ သမ္မတ သိန်းစိန် အစိုးရတက်လာ ပြီးသည့်နောက် လူ့အခွင့်အရေးချိုးဖောက်မှုပေါင်း (၄၁၅)ခု ကျူးလွန်ကြောင်း The Network for Human Rights Documentation – Burma (ND Burma) မှ သတင်းထုတ်ပြန်ခဲ့သည်။

### သုံးသပ်ချက်

"ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ" ၏ ထူးခြားမှုမှာ ယင်းကော်မတီအားတိုင်းရင်းသားလူမျိုးစု တဦးကဦး ဆောင်ပြီး ပြုပြင်ပြောင်းလဲရေး မလိုလားသူဟုလူသိများသော သီဟသူရတင်အောင် မြင့်ဦးနှင့် ဦးအောင်သောင်းတို့ ပါဝင်မှုမရှိခြင်းဖြစ်သည်။ ၄င်းအပြင် ဒု-ဥက္ကဌများတွင် တပ်မတော်မှ ထိပ်တန်းခေါင်းဆောင်များ၊ တိုင်းမှူးများပါဝင်လာခြင်းသည်လည်း အပစ်အခတ်ရပ်စဲရေးနှင့် လွှတ်တော်အတွင်း ဖွဲ့စည်း ပုံအခြေခံဥပဒေပြင်ဆင်ရာတွင် အထောက်အကူပြုမည်ဖြစ်သကဲ့သို့ လွှတ်တော် ကိုယ်စားလှယ်များ ပါဝင်လာ ခြင်းသည် လွှတ်တော်အတွင်းဖွဲ့စည်းပုံပြင်ဆင်ရာတွင်အထောက်အကူများစွာပြုနိုင်ပေသည်။ အစိုးရ၏အမိန့် ကြေညာချက်သည် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များအား လက်နက်စွန့်လွှတ်၊ ပါတီထောင်၍ ရွေးကောက်ပွဲဝင်၍လွှတ်တော်တွင်းမှသာ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြုပြင်နိုင်သည့် အခြေအနေ ဖြစ်သဖြင့် ၂၀၁၅ မတိုင်မီ မည်သည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းကမျှ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြုပြင်နိုင်မည့် အခြေအနေ မရှိနိုင်ပေ။ ထို့အပြင်ဖွဲ့စည်းပုံမပြင်ဘဲမည်သည့် တိုင်းရင်း သား လက်နက်ကိုင်အဖွဲ့အစည်းကမျှပါတီနိုင်ငံရေးသို့ အသွင်ပြောင်းသွား ကြမည်မဟုတ်ဘဲ ပြည်တွင်းငြိမ်းချမ်းရေးသည်လည်း အလှမ်းဝေးကွာဆဲ သာဖြစ်နေ ဦးမည်ဖြစ်သည်။ထို့ကြောင့် လွှတ်တော်ပြင်ပနိုင်ငံရေးလှုပ်ရှားမှုနှင့် လွှတ်တော်အတွင်းနိုင်ငံရေးလှုပ်ရှားမှု တို့အကြားအပြန်အလှန် အသိမှတ်ပြုမှုလေးစားမှုရှိရန် လိုအပ်ပြီး ပြည်တွင်းငြိမ်းချမ်းမှု တည်ဆောက်ရေးကို အတူတကွ လုပ်ဆောင်ရန်လို အပ်သည်။ သို့မှသာ ယနေ့ ဖြစ်ရှိနေသောမြန်မာ့နိုင်ငံရေး ပြဿနာများ ကိုဖြေရှင်း နိုင်မည်ဖြစ်သည်။

### အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) နှင့် ပြည်တွင်းနိုင်ငံရေးပါတီများ

NLD အနေဖြင့် နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်၍ ရွေးကောက်ပွဲဝင် ရန်ဆုံးဖြတ်ခဲ့သည်နှင့်အညီ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အနိုင်ရ NLD ပါတီဝင်အမတ်(၃၄)ဦးသည် မေလ (၂) ရက်နေ့တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့ ကြသည်။ ကြားဖြတ်ရွေးကောက်ပွဲ အနိုင်ရ NLD အမတ် (၄၃) ဦးရှိသော်လည်း တချို့ခရီးလွန်နေကြသောကြောင့် ကျမ်းသစ္စာကျိန်ဆိုမှုမပြုလုပ်နိုင်ခဲ့ပေ။ NLD အနေဖြင့် ဤကဲ့သို့ ၂၀၀၈-ခုနှစ် အခြေခံဥပဒေဘောင် အတွင်း နိုင်ငံရေးပါတီအနေဖြင့် ပါဝင်လာခြင်းသည် လွှတ်တော်ပြင်ပနိုင်ငံရေးမှ လွှတ်တော်အတွင်းသို့ ၄င်းတို့ လှုပ်ရှားမှုအားတိုးချဲ့ခြင်းသာဖြစ်သည်ဟုဆိုသည်။၄င်းတို့၏ အဓိကလုပ်ငန်းစဉ် အဖြစ်တရားဥပဒေစိုးမိုးရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ရန်ဖြစ်သည်ဟုဆိုသည်။

၂၀၁၂–ခုနှစ်၊ မေလ (၈) ရက်နေ့တွင် Shan National League For Democracy (SNLD) အား တရားဝင် နိုင်ငံရေး ပါတီအဖြစ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ အသိအမှတ်ပြုလိုက်သည်။ ၁၉၉၀–ခုနှစ် တွင် လွှတ်တော် အမတ် (၂) နေရာ အနိုင်ရရှိခဲ့သည့် Zomi National Congress (ZNC) မှာမူ Zomi ဟူသော ဝေါ် ဟာရ ကြောင့် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှ အခြားနာမည်ဖြင့် ပြန်လည်မှတ်ပုံတင်မှုပြုလုပ်ရန် ပြောကြားခဲ့သည်။ တိုင်းရင်းသား ညီနောင် ပါတီများအနေဖြင့် တိုင်းရင်းသားပါတီတခုတည်း ထူထောင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ထိုသို့ပြုလုပ်နိုင်ရေးအတွက် ချင်းပါတီ (၂)ခုဖြစ်သည့် CNP နှင့် CPP တို့ အား ပါတီတခုတည်းအဖြစ် ပေါင်း စည်းရေးစတင်ပြုလုပ် နေကြပြီဖြစ်သည်။၄င်းအပြင် မွန်နိုင်ငံရေး ပါတီနှစ်ပါတီ ဖြစ်သည့် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီနှင့် မွန်ဒီမိုကရေစီပါတီတို့လည်း ၂၀၁၄–ခုနှစ်တွင် တပါတီအဖြစ် ပူးပေါင်းရေး သဘောတူညီခဲ့ကြသည်။

### သုံးသပ်ချက်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)အပါအဝင် ပြည်တွင်းနိုင်ငံရေးပါတီများ အနေဖြင့် မြန်မာအစိုးရ၏ဖွဲ့စည်းပုံ အခြေခံဥပဒေ အောက်တွင် လွှတ်တော်အတွင်းမှ တရားဥပဒေစိုးမိုးရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး နှင့် ပြည်တွင်းငြိမ်းချမ်းရေး တို့အတွက် ကြိုးပမ်းဆောင်ရွက်နေကြသည်။ UN အပါအဝင်နိုင်ငံတကာ၏ ပိတ်ဆို့ အရေး ယူမှုများအား ပြန်လည်ဖွင့်လှစ်ပေးရန် လိုလားနေကြပြီး အစိုးရ၏ ပြုပြင် ပြောင်းလဲမှုများကိုလည်း အပြုသဘော ကြိုဆိုနေကြသည်။ တဖက်တွင် ပြောင်းလဲ လျက်ရှိသောအခြေအနေမှ နောက်ပြန်မလှည့်သွားရေးအတွက် လိုအပ်သည့်တွန်း အားများအပြင် လိုအပ်သည့်အကူအညီများ ပေးအပ်ရန်လိုအပ်သည်။

### တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ

မြန်မာအစိုးရအနေဖြင့် ၂၀၁၀–ခုနှစ် ဩဂုတ်လ (၁၈) ရက်နေ့၌ ကြေညာချက် ၁/၂၀၁၀ ထုတ်ပြန်၍ တိုင်းရင်းသားလူမျိုးစုလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရေးပြုလုပ်ရန် ကမ်းလှမ်းလာသည့်အချိန်မှ ယနေ့အထိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၂)ဖွဲ့ နှင့် အပစ်အခတ်ရပ်စဲပြီးဖြစ်သည်။ မေလ (၇) နှင့် မေလ (၁၉) ရက်နေ့များတွင် ချင်းအမျိုးသားတပ်ဦး(CNF) နှင့် ရှမ်းပြည်ပြန် လည်ထူထောင်ရေးကောင်စီ (RCSS) တို့ နှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးမှုများပြုလုပ်ခဲ့ကြပြီး မေလ(၂၁)ရက်နေ့တွင် အပစ်အခတ်ရပ်စဲရေး မပြုလုပ် သေးသော ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့(KIO) နှင့် အလွတ်သဘော တွေ့ဆုံမှု ပြုလုပ်ခဲ့ကြသည်။ KIO ၏ ဗဟိုဌာနချုပ်နယ်မြေအပါအဝင် တပ်မဟာ တိုင်းတွင် တိုက်ပွဲများဖြစ်ပွားလျက်ရှိသည်။ ယခုအခါ နယ်စပ်ဒုက္ခသည် စခန်းသို့ ရောက်ရှိလာသည့် ဒုက္ခသည်ပေါင်း ခုနစ်သောင်း ကျော်ရှိလာပြီဖြစ်သည်။ “ကချင် ပြည်နယ်အတွင်းထိုးစစ်များကို ဇွန်လ ၁၀–ရက်နေ့အထိ အစိုးရဘက်မှ မရပ်ဆိုင်း ပါက အဖွဲ့ဝင် အဖွဲ့အစည်းများ ရရှိထားသော အပစ်အခတ်ရပ်စဲရေး သဘောတူ ညီမှုများကို ပြန်လည်သုံးသပ်သွားမည်ဟု ညီညွှတ်သော တိုင်း ရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) က မေလ (၁၀) ရက်နေ့တွင် ထုတ်ပြန် ကြေညာ လိုက်သည်။ UNFC ကြေညာချက်တွင်လည်း “သမ္မတဦးသိန်း စိန် ပြောနေသော တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများ အနေနှင့် နိုင်ငံရေးပါတီထောင်၊ ရွေး ကောက်ပွဲဝင်၊ လွှတ်တော်တွင် ဥပဒေနှင့်အညီအများ ဆန္ဒအရ ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်သွားရန်မှာ တွေ့ဆုံဆွေးနွေး အဖြေရှာခြင်းနည်းလမ်း မဟုတ်သဖြင့် လက်ခံ၍ရမည် မဟုတ်ပါဟု ပါရှိပြီး ယင်းဆုံး ဖြတ်ချက်အား မေလ (၈–၉) ရက်နေ့ များ တွင်ပြုလုပ်သော UNFC အစည်းအဝေးမှ ဆုံးဖြတ် လိုက်ခြင်းဖြစ်သည်။ အပစ်အခတ်ရပ်စဲထားသည့် တိုင်းရင်းသားနယ်မြေများတွင် အပစ်အခတ် ရပ်စဲရေးသဘောတူညီချက်များအား စတင်အကောင်အထည် ဖော်စပြုလာပြီ ဖြစ်သည်။ မေလ အစောပိုင်းတွင် UWSA နှင့် NDAA ဌာနချုပ်သို့ နယ်စပ် ရေးရာနှင့် လုံခြုံရေးဝန်ကြီး ဒု–ဗိုလ်ချုပ်ကြီးသိန်းဌေးနှင့် ရှမ်းပြည်နယ် နယ်စပ်ရေး ရာနှင့်လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီးအောင်ထူးပါဝင်သည့် အဖွဲ့တဖွဲ့ သွားရောက်ခဲ့ပြီး “ဝ” နှင့် “မိုင်းလား” တိုင်းရင်းသားခေါင်းဆောင်များ နှင့် တွေ့ဆုံ မှုပြုလုပ်ရာတွင် ၂၀၁၅–ခုနှစ် ရွေးကောက်ပွဲ၌ UWSA မှ လွှတ်တော် အမတ်နေရာ (၁၂) နေရာ နှင့် NDAA မှ လွှတ်တော်အမတ် နေရာ(၃)နေရာရရှိရေး အတွက် သဘော တူညီမှုရရှိခဲ့ကြသည် ဟုဆိုသည်။ UWSA နှင့် NDAA အနေဖြင့် စစ်အင်အား များ မတိုးချဲ့ရန်နှင့် ၄င်းတို့နှင့်လက်တွဲ၍ပါတီထောင်ရန်၊ ဖွံ့ဖြိုးရေး လုပ်ငန်းများ လုပ်ဆောင်ရန် တို့ကိုပြောဆိုသွားခဲ့သည်ဟုဆိုသည်။

### သုံးသပ်ချက်

အစိုးရ၏ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း အား တိုင်းရင်းသား လက်နက်ကိုင်အင်အားစုများမှ ကြိုဆိုခဲ့ကြပြီး နိုင်ငံရေးဆွေး နွေးပွဲဖြစ်စဉ်များအတွက် အထောက်အကူပြုနိုင်လိမ့်မည်ဟု ယူဆနေကြသည်။ တဖက်တွင် ယင်းလုပ်ငန်းကော်မတီ၏လုပ်ငန်းတာဝန်များဖြစ်သည့် ပါတီထောင် ၍ရွေးကောက်ပွဲဝင်ရေးနှင့် လွှတ်တော်အတွင်းမှ ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင် ရေးများသည်ငြိမ်းချမ်း ရေးဆွေးနွေးမှုဖြစ်စဉ်အား ပျက်ပြားသွားစေနိုင်သည့်အပြင် အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေး အမှန်တကယ်တည်ဆောက်လိုသည့် ဆန္ဒရှိ ပုံမရဟုယူဆနေကြသည်။ တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ အနေဖြင့် “တိုင်းရင်းသားလူမျိုးများငြိမ်းချမ်းရေးစီမံချက်” များရေးဆွဲကာ ပြည်တွင်းငြိမ်းချမ်း ရေးတည်ဆောက်ရေးအတွက် ဘုံသဘောတူညီချက်များရရှိရေးအတွက် ကြိုးပမ်း လုပ်ဆောင်နေကြသည်။ တဖက်တွင် စစ်အစိုးရ တဖြစ်လဲ ဦးသိန်းစိန် အစိုးရအပေါ် အပြည့်အဝယုံကြည်ရန် ခက်ခဲနေသေးသည်။ ရိုးသားပွင့်လင်းသည့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲဖြစ်စဉ်များမှ ယုံကြည်မှုတည်ဆောက်၍ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အရင်းခံပြဿနာအား အမြဲအရဖြေရှင်းရန်လိုအပ်သည်ဟု တိုင်းရင်းသား လူမျိုးစု များက ယုံကြည်ယူဆလျက်ရှိကြသည်။

### နိုင်ငံတကာအစိုးရများနှင့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ

၂၀၁၂ခုနှစ်၊ မေလ (၂၄) ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု၊ နိုင်ငံခြားရေး ဝန်ကြီး ဌါနမှ ၂၀၁၁ ခုနှစ်အတွက် လူ့အခွင့်အရေး အစီရင်ခံစာ ထုတ်ပြန်ရာတွင် ဒေါ်အောင် ဆန်းစုကြည်အား (၁၅)နှစ်ကျော်ကြာ နေအိမ်အကျယ် ချုပ်မှလွှတ်ပေးလိုက်ခြင်း၊ နိုင်ငံရေးပြုပြင် ပြောင်းလဲရေးအတွက် လမ်းဖွင့်ပေးသည်များအပေါ် ချီးမွမ်းထားသော် လည်း လက်ရှိနယ်စပ်ဒေသများတွင် တိုင်းရင်းသားလူမျိုးစုတွေအပေါ် စစ်တပ်၏ တိုက်ခိုက်မှုများကြောင့် အရပ်သားများ သေဆုံးမှု၊ အမွေနေရာ ရွှေ့ပြောင်းခံရမှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအပြင် ပြင်းပြင်းထန်ထန် ဖိနှိပ်မှုတွေရှိနေဆဲ ဖြစ် သည်ဟုဖော်ပြထားသည်။ မြန်မာအစိုးရ၏ အပြုသဘောဆောင်ပြုပြင်ပြောင်းလဲမှု များကြောင့် အမေရိကန်နိုင်ငံသားများ မြန်မာနိုင်ငံတွင်းရင်း နှီးမြှပ်နှံမှုကိုလမ်းဖွင့်ပေး လိုက်ပြီး နှစ်ပေါင်း ၂၀ ကျော်ကြာ ရပ်ဆိုင်းထားခဲ့သည့် သံအမတ်ကြီးအဆင့် ဆက်ဆံရေးကိုလည်းဖွင့်လှစ်ကာ Mr. Derek Mitchell အား သံအမတ်ကြီး အဖြစ်ခန့်အပ်တာဝန်ပေးအပ်ခဲ့သည်။ သမ္မတအိုဘားမား မှ G-8 အစည်းအဝေး တက်ရောက်လာသည့် ခေါင်းဆောင်များအားပြောကြားရာတွင် “မြန်မာနိုင်ငံ တွင်ပြောင်းလဲမှုဖြစ်စဉ်များသည် ရှေ့သို့တက်လှမ်းမည်ဟု မျှော်လင့်နေပြီး ယင်း အပြောင်းအလဲများ အားပေးထောက်ခံသည့်အနေဖြင့် မည်သည့်အရာ မဆိုလုပ် ဆောင်ပေးသွားမည်ဖြစ်ကြောင်း” ပြောဆိုသွားခဲ့သည်။ မေလ (၂၁) ရက်နေ့တွင် မြန်မာနိုင်ငံရဲ့ ဒီမို ကရေစီပြောင်းလဲမှုတွေ ခိုင်မာလုံခြုံမှုရှိအောင် ဒဏ်ခတ်ပိတ်ဆို့မှု

များကို အမေရိကန်ပြည်ထောင်စုက ဆက်လက်ထားရှိသွားမည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌါနက ထုတ်ပြန်ကြေညာလိုက်သည်။

ကမ္ဘာ့ကုလသမ္မဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် မြန်မာနိုင်ငံသို့ အလည်အပတ်သွားရောက်ခဲ့ ပြီးပြည်ထောင်စုလွှတ်တော်တွင်လည်း မိန့်ခွန်းပြောကြားခဲ့သည်။ ၎င်းအနေဖြင့် မြန်မာအစိုးရ၏ ပြုပြင် ပြောင်း လဲရေးလုပ်ဆောင်မှုများ အားချီးကျူးလိုက်ပြီး လိုအပ်သည့်အကူအညီများလည်း ပေးအပ်သွားမည်ဟုဆိုသည်။ ရန်ကုန်မြို့၌ မေလ (၁)ရက်နေ့တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် “ငြိမ်းချမ်းရေးဖြစ်စဉ် အလျင်အမြန်အကောင်အထည်ဖော်နိုင်ဖို့အတွက် ငွေကြေးနဲ့တခြား လိုအပ်တဲ့ အရာတွေအားလုံး အကူအညီ ဆက်ပေးသွား ပါမယ်”၊ “ကချင်စစ်ပြေးဒုက္ခသည်များကို ပြန်လည်နေရာချထားပေးခြင်းနှင့် လူ့သားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဆက်လက်ပေးသွားရန်ရှိကြောင်း” ကိုလည်းပြောဆိုသွားခဲ့သည်။ကချင်လွတ်မြောက်ရေးအဖွဲ့ (**KIO**)ထံမှ ပေးပို့သောစာကိုလက်ခံရရှိပြီးနောက် ကုလသမဂ္ဂအကြီးအကဲ မစ္စတာဘန်ကီမွန်းက မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်ရှိ စစ်ပွဲများ ရပ်တန့်ရန် မေလ (၁၈) ရက်နေ့က မြန်မာအစိုးရအားတိုက်တွန်းမှု ပြုလုပ်ခဲ့သည်။

### သုံးသပ်ချက်

**UN** အပါအဝင်နိုင်ငံတကာမှ မြန်မာအစိုးရ၏ပြုပြင်ပြောင်းလဲမှုများကို အပြုသဘောကြိုဆိုခဲ့ကြပြီး သံတမန်ရေးပိတ်ဆို့မှု၊ စီးပွားရေးပိတ်ဆို့မှုတချို့အား ဖယ်ရှားပေးသည့်အပြင် အကူအညီများပါပေးအပ်လာခဲ့ကြသည်။ ယခုကဲ့သို့ ပြုပြင်ပြောင်းလဲရေးများ ဆက်လက်ပြုလုပ်သွားမည်ဆိုလျှင် နိုင်ငံတကာ၏ ပံ့ပိုးကူညီမှုများ ပိုမိုရရှိလာနိုင်ပြီး ပြည်တွင်းငြိမ်းချမ်းမှု တည်ဆောက်ရေးလုပ်ငန်းစဉ်များလည်း အထောက်အကူပြုလာနိုင်မည်ဟု ယူဆရသည်။

---

## လက်တွေ့လုပ်

– ပြည့်အရေး ခေတ်အရေး၊ ကိုယ့်အတွေး သူ့အတွေး
ဟိုရေး ဒီရေး၊ သူပြောကိုယ်ပြောနဲ့
သသောသောကတော့ အကောင်းဆုံးတွေပါပဲ

– တတွေးထဲတွေးနေရင်တော့ အတွေးသမားပဲဖြစ်မယ်
တရေးထဲရေးနေရင်လည်း အရေးသမားပဲဖြစ်မယ်
တပြောထဲပြောနေရင်လည်း အပြောသမားပဲဖြစ်မယ်

– ဒီတော့ တိုင်းပြည်ကောင်းစားရေး
ကိုယ့်အတွေး သူ့အတွေး
ဟိုရေး ဒီရေး၊ သူပြောကိုယ်ပြော
အကုန်ချောစေဖို့၊ အတွေးသမား အရေးသမား
အပြောသမားတွေအကုန်စု၊ ညီညွတ်ခြင်းနဲ့ဦးတည်ရာ
လမ်းမှန်ဆီအရောက်လှမ်းဖို့၊ လက်တွေ့လုပ်လို့ သွားကြစို့။

ဆလိုင်းရှယ်အောင် (၁၆–၀၁–၂၀၁၂)

---

## ပန်းဘုရင်မဘဝမှ ယစ်ရာဇာသို့

တောင်ဇလပ်ပန်းပွင့်ချိန်ပြန်ရောက်ပြီ.... သူ့ကိုသတိယကာနေဆဲမှာ ရောင်ရမ်းမှန်းဆကာ လွမ်းမိတာတောတောင်နေရောင်လည်းပြောင်းခဲ့ပြီ . . . . ဆိုတဲ့ အနှစ်နှစ်ဆယ်သီချင်းကြားမိလေတိုင်း သဘာဝတရား၏ အလှအပကို ရင်ထဲကအလေးအမြတ်ပြုနိုင်ပါတယ်။ ချင်းအလှဂုဏ်ဆောင် တောင်ဇလပ်ပန်းတွေ ဝေလေတိုင်း ပိုမိုပြည့်စုံတဲ့ ချင်းတောင်အလှကို မငြီးမငွေ့ ရှုမျှော်ခံစားရင်း လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်က အလှတွေကို ပြန်လည် စားမြုပ်ပြန်ရင်း

ထိုစဉ် ..........................

ဟော့ကောင်မင်းဘာကောင်လဲ ဘာချင်းလဲ၊ မိုက်ရင်ထွက်ခဲ့၊ ခွေးမသား ဆဲရေးတိုင်းထွာပြုရင်း တောင်ပေါ်ခေါင်ရည်ဆိုင်တဖြစ်လဲ တောင်ဇလပ်ဝိုင်ဆိုင် မှ ကိုးယိုးကားယား ထွက်လာသော ဆယ်ကျော်သက် ကောင်လေးအဖြစ်ကို ပြုတင်းတံခါးမှ စိတ်ဝင်တစား လှမ်းကြည့်မိသည်။ စိတ်ကတိကအောင့် ဖြစ်ကာ ပြုတင်းတံခါးကို ချက်ချင်းပိတ်လိုက်သည်။ ခဏအကြာ အမေရိကန်နိုင်ငံ၊ (**Midwest University**) အစားအသောက် သုတေသနဌါန မှ ထုတ်ဝေသောစာအုပ်တအုပ် ကို ကောက်ကိုင်လိုက်သည်။ ‘ဝိုင်ဆိုသည်မှာ’ ဆိုသော ဆောင်းပါးလေးတပုဒ်ကို ဖတ်မိလိုက်သည်။ မည်သည့်သစ်သီး၊ ပန်းပွင့်၊ အရွက်၊ သစ်ခေါက်မဆို ကူလူးကို့စ် (သကြား) ဖြင့်ရောစပ်ကာ တဆေးဖြင့်ရက်အတန်ကြာ စိမ်ပြီးသုံးဆောင်နိုင်သည့် အကြောင်းဖတ်မိသည်။ ဆိုလိုသည်မှာ သကြား၊ တဆေးဖြင့် မည်သည့်အသီး အရွက်အပွင့်ကိုမဆို ဝိုင်ဖြစ်အောင် လုပ်နိုင်ကြောင်းသိရသည်။

သြော် – အတွေးနယ်ချဲ့ပြီး ‘ငါတို့ခေတ်တုန်းက တောင်ဇလပ်အလှကို နှလုံးသားဖြင့်သာခံစားပြီး မင်းတို့ခေတ်ကျမှ တောင်ဇလပ်ပန်းကို အသွေးအသားဖြစ် တကယ်ခံစား နေကြပြီကော’ ဟုသာ သက်ပြင်းချမိပါတော့သည်။

တောင်ဇလပ်ပန်း ကမ္ဘာတည်သရွေ့တည်ရှိပါစေ။

---

## ဒုက္ခိတ ကမ္ဘာ

ငါ့နွား
မျက်မှောင်ကုတ် မျက်တောင်မခတ်
အာရည်နှင့်တံထွေး ဖေါင်းနေအောင်ငုံ
နှင်တံ တရစပ်အောက်
ရင်တလှန့်လှန့်၊ မောလွန်းရင်ရပ်။

အမိန့်သံ ပြင်းပြင်း၊ ဟိတ်ဟန် တင်းတင်း
ကုလါးဟန် ခေါင်းလှုပ်၊ ကျုပ် ဟ ကျုပ် ဟ
ဟိုအထုတ်ကို (မ) ထမ်းစေ၊ ဒီအထုတ်ကို ကျား ထမ်းလေ
က မလား ထ မလားတဲ့
က လည်း (ဟ) ပေးရမယ်၊ ထ လည်း (မ) ပေးရမယ်။

သေနတ်ကိုင်တဲ့ လူသား၊ လယ်ပြင်က နွေား
ပေါ်တာထမ်းတဲ့ ငါ့သား
ခံလိုက်ရတဲ့ ဒေါထား
တနေ့နေ့ အတူတူ စားပွဲဝိုင်းမှာဆုံကြဦးမည်သာ။

ဆရာတော် ဒေါက်တာဟုန်းအွမ်(ရွှေကြီး)
၃–၁၂–၂၀၁၁

# မီးစ,တဖက်၊ ရေမှုတ်တဖက်နှင့် ငြိမ်းချမ်းရေးတာထွက်သူ

၂၀၁၂–ခုနှစ်၊ မေ(၅)ရက်နေ့၊ ရခိုင်ပြည်နယ်အစိုးရနှင့် ရခိုင်လွတ်မြောက်ရေးပါတီ (ALP) တို့အကြား ချုပ်ဆိုသော အပစ်အခတ်ရပ်စဲရေးအပါအဝင် ပြည်နယ်အဆင့် သဘောတူညီချက် (၅)ချက်အနက် အချက်နံပါတ်(၂) တွင် "၂ဦး ၂ဖက် အပြန်အလှန်ပြောဆိုဆက်ဆံဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန် ၂ဖက်သဘောတူညီကြသော အောက်ဖော်ပြပါနေရာများတွင် ရခိုင်လွတ်မြောက်ရေးပါတီက ဆက်ဆံရေးရုံးများ ဖွင့်လှစ်ရန်၊ ၁။ ပလက်ဝ ၂။ ကျောက်တော်၊" ဟူ၍ပါရှိသည်။

ဤအချက်ကိုကြားသိသည့် ပြည်တွင်းပြည်ပရှိ ချင်းပြည်သူများအနေဖြင့် ရခိုင်က ချင်းကို စော်ကားခြင်းသက်သက်ဖြစ်သည်ဟု မခံမရပ်ဖြစ်ကြကြောင်း အင်တာနက်စာမျက်နှာများတွင် ရေးသားမှုများကို တွေ့ရသည်။ ထို့ကြောင့် သမိုင်းအဖြစ်မှန် သိရှိနိုင်ရန်အတွက် ခူမီးမျိုးနွယ်စုဝင် သမိုင်းပြုစုရေးကော်မီတီမှ သက္ကရာဇ် ၂၀၀၀–ခုနှစ်တွင် ထုတ်ဝေသည့် "ခူမီးမျိုးနွယ်စုဝင်သမိုင်း" စာအုပ်ပါ အချက်အလက်များနှင့် မြန်မာ့သမိုင်းပါအချက်အလက်များကို အကိုးအကားပြု၍ ဤဆောင်းပါးတိုလေးကို ပြုစုရေးသားရခြင်းဖြစ်သည်။

ရခိုင့်သမိုင်းနှင့်မြန်မာ့သမိုင်းတွင် အေဒီ ၁၇၈၄–ခုနှစ်တွင် ဘိုးဘော်ဘုရားက ရခိုင်ပြည်ကိုသိမ်း ပိုက်ကြောင်းတွေ့ရှိရသည်။ ထို့ကြောင့် ရခိုင့်တော်လှန်ရေးသည် နှစ်ပေါင်း ၂၀၀ ကျော်နေပြီဖြစ် ကြောင်း ပြောဆိုကြခြင်းဖြစ်သည်။ မှန်လှပါသည်။ ဘိုးတော်ဘုရားက ရခိုင်ပြည်ကို သိမ်းပိုက်စဉ်ကတည်းက ရခိုင်ပြည်သည် ဗမာမင်းလက်အောက်သို့ ကျရောက်ပြီးဖြစ်သည်။ သို့တည်းမကပါ။ ထိုခေတ် ရခိုင်ပြည်မြို့တော် ဓညဝတီရှိ မဟာမြတ်မုနိဘုရားကိုလည်း အမရပူရ (မန္တလေး) သို့ ဗမာဘုရင့်တပ်များက သယ်ဆောင်သွားခဲ့ကြသည်ကို သမိုင်းတွင် တွေ့ရသည်။ သို့သော် ရခိုင်ကို သိမ်းပိုက်ခဲ့စဉ်က ပလက်ဝမြို့ကိုပါ သိမ်းပိုက်ကြောင်း သမိုင်းထောက်အထားတွင် မတွေ့ရှိရပါ။ ခူမီးနှင့်ရခိုင်သည် ဘာသာစကားနှင့် ယဉ်ကျေးမှုအရ လုံးဝဆက်စပ်မှုမရှိသော်လည်း နယ်မြေချင်း တဆက်တစပ်တည်းရှိသော သီးခြားလူမျိုးများဖြစ်ကြသည်။ ပထမအင်္ဂလိပ်–မြန်မာ စစ်ပွဲအပြီး ၁၈၂၆–ခုနှစ်တွင်ချုပ်ဆိုသော ရန္တပိုစာချုပ်အရ အောက်မြန်မာနိုင်ငံကို လက်လွှတ်ခဲ့အပြီး အင်္ဂလိပ် နယ်ချဲ့အစိုးရက ပလက်ဝနယ်ကို စစ်တွေခရိုင်အုပ်ချုပ်ရေးနယ်ထဲ ထားရှိခဲ့ကြောင်းကို သမိုင်းတွင် တွေ့ရသည်။ ဤသည်မှာ လွတ်လပ်ရေးမရမီ ချင်းပြည်အတွင်းရှိ မင်းတပ် (ကန်ပက်လက်) နယ်ကို ပခုက္ကူခရိုင်အုပ်ချုပ်ရေးနယ်တွင်ထားသကဲ့သို့ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် ပလက်ဝနယ် ကို ရခိုင်အုပ်ချုပ်ရေးနယ်၏ တစိတ်တဒေသအဖြစ်ထားခဲ့ခြင်းသာလျှင်ဖြစ်သည်။ ရခိုင်က ၎င်း၏အုပ်ချုပ်ရေးနယ်မြေအတွင်း သွတ်သွင်းခဲ့ခြင်းမဟုတ်သလို ပလက်ဝနယ်ရှိ ခူမီးလူမျိုးများ၏ ဆန္ဒအရ ရခိုင်အုပ်ချုပ်ရေးအောက်သို့ ထည့်သွင်းခြင်းမျိုးလည်းမဟုတ်ပါ။ စစ်အောင်နိုင်သည့် နယ်ချဲ့အင်္ဂလိပ်၏ လုပ်ရပ်သာလျှင်ဖြစ်သည်။ ဆက်လက်၍ ၁၈၆၅– ခုနှစ်တွင် နယ်ချဲ့အင်္ဂလိပ်က ပလက်ဝနယ်ကို စစ်တွေခရိုင်မှ ခွဲထုတ်၍ ရခိုင်တောင်တန်း စီရင်စုဟု အမည်ပေးကာ အုပ်ချုပ်ရေးမှူး (Superintendent) အုပ်ချုပ်ရေး နယ်မြေအဖြစ်သတ်မှတ်ခဲ့ပြီး အုပ်ချုပ်ရေးမှူးရုံးကိုလည်း စစ်တွေမှ မျောက်တော်ကျေးရွာသို့ ပြောင်းရွှေ့ပြီး ထိုမှတဆင့် ပလက်ဝနယ်ကို အုပ်ချုပ်ခဲ့သည်။

နယ်ချဲ့အင်္ဂလိပ်တို့သည် ၁၈၇၄–ခုနှစ်တွင် ရခိုင်တောင်တန်းတရားမဥပဒေ (Arakan Hills Civil Justice Regulation-1874) – နောင်တွင် ၁၉၁၆–ရခိုင်တောင်တန်းနည်းဥပဒေ (Arakan Hills Regulation-1916 ) ကို ပြဋ္ဌာန်းသည်။ အင်္ဂလိပ်တို့သည် ရခိုင်ဒေသကို ခြေကုတ်ယူ၍ အခြားသော မြန်မာပြည်ကို ဖြည်းဖြည်းချင်းနယ်ချဲ့လာခဲ့သည်။ ခူမီးမျိုးနွယ်ဝင်များ နေထိုင်သည့် ပလက်ဝနယ်ကို ၁၈၇၆–ခုနှစ်တွင်သာ အင်္ဂလိပ်က စတင်သိမ်းပိုက်နိုင်ခဲ့ကြောင်း ခူမီးမျိုးနွယ်စုဝင် သမိုင်းစာအုပ် စာမျက်နှာ (၁၆၅)တွင် ဖော်ပြထားသည်။ ထို့ကြောင့် နယ်ချဲ့အင်္ဂလိပ်က ရခိုင်နှင့်တနင်္သာရီကို သိမ်းပိုက်စဉ်က ပလက်ဝသည် အသိမ်းပိုက်ခံနယ်မြေထဲ မပါဝင်ခဲ့ခြင်းသည် ရခိုင်ပြည်အတွင်း ပလက်ဝနယ်မတည်ရှိခဲ့ကြောင်းပြသသည့် အချက်တချက်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

နယ်ချဲ့အင်္ဂလိပ်က ပလက်ဝနယ်ကိုသိမ်းပိုက်ပြီးနောက် ၎င်းတို့၏အုပ်ချုပ်ရေး ယန္တရားခိုင်မာစေရေးအတွက် တမြို့နယ်လုံးတွင် တိုက်သူကြီးပိုင်နယ် (၁၈)ခု ဖွဲ့စည်းကာ ဆယ်အိမ်ခေါင်းပေါင်း (၃၀၀)ထား၍ စီမံအုပ်ချုပ် ခဲ့ကြောင်းနှင့် ၁၈၇၈–ခုနှစ်တွင် ခူမီးမျိုးနွယ်ခေါင်းဆောင်အကြီးအကဲ (The Chief of  Khumi) အဖြစ် တောင်မင်းလဟာက် (ရိုက်ခီစို) အားရွေးချယ်ခန့်ထား ခဲ့ပြီး ခေါင်းဆောင်အကြီးအကဲ တင်မြောက်ပွဲအခမ်းအနားကိုလည်း ကီမို(ခေါ်) ကျောက်ပန်း တောင်ပေါ်တွင်ကျင်းပခဲ့သည် ခူမီးမျိုးနွယ်စုဝင် သမိုင်းစာအုပ်တွင်တွေ့ရသည်။ ထို့ကြောင့် မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီ ကာလများတွင် ပလက်ဝဒေသသည် ခူမီးမျိုးနွယ်စုတိုက်သူကြီး၊ တောင်သူကြီးများက အုပ်ချုပ်ခဲ့သောဒေသဖြစ်ကြောင်း သိရှိနိုင်သည်။ ဒီထက်ပို အရေးကြီးသည်မှာ ပလက်ဝမြို့နယ်သည် ရခိုင်ပြည်နယ်ထဲတွင် ရှိခဲ့၊ မရှိခဲ့ဆိုသည့် အချက်ပင်ဖြစ်သည်။

၁၉၄၇–ခုနှစ်၊ တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲတွင် ပလက်ဝနယ်မှ ဦးထပ်လှိုင် (ခူမီးအမျိုးသား) အား ရွေးချယ်တင်မြောက်ခဲ့ကြသည်။ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပလက်ဝနယ်မှ ပြည်သူ့လွှတ်တော် (၁) နေရာနှင့် အမျိုးသားလွှတ်တော် (၁) နေရာ စုစုပေါင်း အမတ်နေရာ (၂) နေရာ ရရှိခဲ့ကြသည်။ ၁၉၄၇–ခုနှစ် တွင် လွတ်လပ်သည့် ပြည်ထောင်ကိုယ်စားလှယ်များကချုပ်ဆိုသော သမိုင်းဝင် ပင်လုံစာချုပ်အရ မြန်မာနိုင်ငံကို လွတ်လပ်ရေးမပေးလျှင် မဖြစ်တော့သည့် အခြေအနေသို့ ရောက်လာသည့်အခါ ရန်ကုန်ရှိ အမျိုးသားစုံစမ်းရေးကော်မီတီက ပလက်ဝမြို့ကို မည်သည့် ပြည်နယ်တွင်ထားရှိမည့်ကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးရန် ပလက်ဝနယ်ခံသားကိုယ်စားလှယ်များအား ဖိတ်ခေါ်ခဲ့သည်။ ဦးထပ်လှိုင်အပါအဝင် ဒေသကိုယ်စားလှယ်(၁၀) ဦး ရန်ကုန်သို့ သွားခဲ့ကြသည်။ ရန်ကုန်ရှိ စုံစမ်းရေးကော်မီရှင်မှ ဗြိတိသျှလူမျိုး ရိစ်ဝီလျံနှင့် တွေ့ဆုံခဲ့ကြပြီး၊ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိလျှင် ပလက်ဝမြို့နယ်အား ဒေသခံပြည်သူများ၏ ဆန္ဒအတိုင်း ရခိုင်ပြည်အုပ်ချုပ်ရေး နယ်မှခွဲထုတ်၍ ချင်းတောင်အုပ်ချုပ်ရေးနယ်ထဲ ပူးပေါင်းစေရန် တင်ပြခဲ့ကြ သည်။ ဤသို့ဖြင့် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၉)၊ အပိုဒ် (၅)၊ ပုဒ်မ (၁၉၆) အရ ပလက်ဝနယ် (ခူမီးဒေသ)အား ရခိုင်တိုင်းမှ ခွဲထုတ်၍ ချင်းဝိဒေသတိုင်းသို့ ထည့်သွင်းဖွဲ့စည်းခဲ့သည်။ ၁၉၄၈–ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်မှ ၂၂ ရက်အထိ ကျင်းပသည့် ဖလမ်းညီလာခံတွင် ဦးထပ်လှိုင် ဦးဆောင်သည့် ပလက်ဝနယ်ခံသားများကိုယ်စားလှယ် အယောက် (၃၀)သည် ပလက်ဝနယ် ကိုယ်စားပြုကိုယ်စားလှယ်များအဖြစ် တက်တက်ကြွကြွ တက်ရောက်ခဲ့ကြဖြစ်သည်။ အကယ်၍ ပလက်ဝမြို့နယ် သည်ရခိုင်ပြည်နယ်တွင် ပါဝင်ခဲ့ပြီးဖြစ်ပါက အမျိုးသားစုံစမ်းရေးကော်မီတီမှ မည်သည့်တိုင်းသို့မဟုတ် ပြည်နယ်တွင်ပါဝင်လိုကြောင်း တကူးတက မေးမြန်းနေစရာ လိုမည်မဟုတ်ပါ။ ဤအချက်က ပလက်ဝဒေသသည် အင်္ဂလိပ်ကိုလိုနီ လက်အောက်မကျရောက်မီမည်သည့် တိုင်းတပါးသားလက်အောက်တွင်မျှ မကျရောက်ခဲ့မှု၊ ကိုယ့်ကြမ္မာကိုယ်ဆုံး ဖြတ်ပိုင်ခွင့်ရှိမှု၊ ကိုယ့်အုပ်ချုပ်ရေးနှင့်ကိုယ် ရပ်တည်ခဲ့မှုကို အတိအလင်း ပြသလျှက်ရှိသည်။

စာ . . (၆)၊ ကော်– ၂ သို့